# အိုးဝေ

ဂျာနယ်

အမှတ်(၇) ၀၈၊ ၀၈၊ ၂၀၁၀

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ထုတ်ဝေသည်



## မိဘပြည်သူ ကျောင်းသားကျောင်းသူများသို့ ပြန်ကြားချက်

ရက်စက်ကြမ်းကြုတ်သော၊ ဒီမိုကရေစီ တပြားသားမှ မရှိသော ဖက်ဆစ်ဆန်သည့် စစ်အာဏာရှင်စနစ်အောက်တွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ကျောင်းသူကျောင်းသားများသည် သမဂ္ဂ၏ တခြားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ရင်း အိုးဝေဂျာနယ်ကို ပုံမှန် ထုတ်ဝေနိုင်ရန် ကျားကုတ်ကျားခဲ အားထုတ်ကြိုးပမ်းနေကြရပါသည်။

ကျောင်းသားသမဂ္ဂ၏အာဘော်ကိုထင်ဟပ်သော၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ခေါ်ကိုအောင်ဆန်း တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော သမိုင်းအစဉ်အလာကြီးမားသည့် အိုးဝေဂျာနယ်ကို ပြန်လည်ထုတ်ဝေရခြင်းလည်းဖြစ်ပြီး၊ လက်ရှိဖြစ်ပေါ်နေသော ခေတ်အခြေအနေကိုလည်း ထင်ဟပ်ဖေါ်ပြနိုင်ရန်၊ ဗမာပြည်သူလူထု၏ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးတိုက်ပွဲတွင် အိုးဝေဂျာနယ်မှ တတပ်တအား ပါဝင်အားဖြည့်နိုင်ရန် ကြိုးစားနေရခြင်းလည်း ဖြစ်ပါ သည်။

တနည်းအားဖြင့်ဆိုသော် အလွန်တာဝန်ကြီးပြီး၊ စစ်အာဏာရှင်အောက်တွင် အိုးဝေဂျာနယ်ကို လျှို့ဝှက်ထုတ်ဝေရခြင်း ဖြစ်သည့်အတွက် အခက်အခဲ အကြပ်အတည်းမျိုးစုံရှိနေပါသည်။

ထိုသို့သော အခြေအနေအကြောင်းများကြောင့် ကျနော်တို့၏ အိုးဝေဂျာနယ်တွင် ချို့ယွင်း အားနည်းချက်များ မလွဲမရှောင်သာ ပါရှိနေမှာ သေချာပါသည်။ ကျနော်တို့၏ အားနည်းချက်များကို မည်သူမဆို ထောက်ပြဝေဖန်စေလိုပါသည်။ အားနည်းချက်များကို ထောက်ပြဝေဖန်ခြင်း မပြုမှာကိုပင် ကျနော်တို့ အထူးစိုးရိမ်မိပါသည်။

ထို့ကြောင့် ချို့ယွင်းအားနည်းချက်များကို ပြင်ဆင်နိုင်ရန်၊ ဖြည့်ဆည်းနိုင်ရန်အတွက် လိုအပ်သော သမိုင်းအချက်အလက်များ၊ စာမူများ၊ ဝေဖန်အကြံပေးစာများ ပေးပို့ခြင်း၊ အဖက်ဖက်မှ ကိုယ်တတ်နိုင်သည့်ပုံစံနှင့် ကူညီခြင်းဖြင့် အိုးဝေဂျာနယ်ကို ကျောင်းသား၊ ပြည်သူတရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်နေသည့် စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးတိုက်ပွဲဝင် စာစောင်တစ်ခုအဖြစ် သဘောထားကြရန် ပန်ကြားအပ်ပါသည်။

အိုးဝေဂျာနယ်

---

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်သည် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ကျောင်းသူ ကျောင်းသားများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသူ ကျောင်းသားများအားလုံး၏ အဖွဲ့အစည်းဖြစ်ပါသည်။

ဗမာနိုင်ငံသည် စစ်အာဏာရှင်စနစ်အမှောင်ခေတ်တွင် ကျရောက်နေသည့် အချိန်အခါဖြစ်သောကြောင့် ကျောင်းသူ ကျောင်းသားများအားလုံးသည် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် လှုပ်ရှားမှုများကို စီစဉ်ဆောင်ရွက်နေကြသော ကျောင်းသူ ကျောင်းသားများကို တိုက်ရိုက်ဆက်သွယ်ဆောင်ရွက်နိုင်ရန် အခက်အခဲများ ရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ မိမိတို့အားလုံး၏ အဖွဲ့အစည်းဖြစ်သောကြောင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ လှုပ်ရှားဆောင်ရွက်မှုများကို မိမိတို့ အဆင်ပြေသလို လိုက်ပါဆောင်ရွက်နိုင်ခွင့်ရှိကြပါသည်။

ထို့ကြောင့် ယခုထုတ်ဝေသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်၏ အိုးဝေဂျာနယ်ကို သမဂ္ဂစိတ်ဓါတ်ရှိသော ကျောင်းသူ ကျောင်းသားတိုင်း ကိုယ့်အစီအစဉ်ဖြင့် မိတ္တူပွားး၍ ကြိုက်သလောက် ဖြန့်ချိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။

# မာတိကာ

## ၂၀၀၇ မျိုးဆက်ကျောင်းသားများ၏ ပြန်လည်ထုတ်ဝေမှု (၂) နှစ်ပြည့် အိုးဝေဂျာနယ်


| | |
|---|---|
| ၄။ ခေါင်းလောင်းသံ | မိုးဇင် |
| ၅။ ဥဒါန်းမကြေ ဇူလိုင် | အဲမွန် |
| ၆။ အယ်ဒီတာ့အသံ | |
| ၇။ ပစ်ကွင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ | မောင်ဝင်းညီ |
| ၁၀။ ဆလိုင်းတင်မောင်ဦး (အတ္ထုပ္ပတ္တိ) | |
| ၁၂။ အောင်ပွဲသို့ချီရာဝယ် | ငြိမ်းအောင် |
| ၁၆။ အောက်ကလိအာသံဖြင့်တော့. . . | နော်အက်စ်တာ |
| ၂၁။ ကာတွန်း | တာတီး |
| ၂၂။ *ခွပ်ဒေါင်းတွေရဲ့ နီစွေးတဲ့ . . .* | ဇာနည် |
| ၂၇။ ဩဇာခံနှင့် အမွေခံ | ယမင်းရွှေစင် |
| ၃၄။ သမဂ္ဂအလံတော်အောက် | နေခြည်ခင် |


ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။

# ခေါင်းလောင်းသံ
# (ခွပ်ဒေါင်းအသံ)

အရှိုင်းအစိုင်း - ကျောက်တုံး
တုံးနေတဲ့ - ဒါးသွားနဲ့ သွေး
လင်းလက်တဲ့ - အလင်းတန်း
အဲဒါ ကျောင်းသား -။

ရိုးသားတဲ့ - အကျင့်
နိုးကြားတဲ့ -- အမှန်တရား
တက်ကြွတဲ့ - အားမာန်
ပြည်သူ့ရင်ထဲက - မြတ်နိုးမှုအစိုင်အခဲ
အဲဒါ ကျောင်းသား -။

ကျောင်းသားမှန်ရင်
သမိုင်းပေးတာဝန်
ရှေ့က သွားနှင့်ခဲ့ကြသောသူ
ရှေ့မှာ ရောက်နေကြသောသူ
နောက်က အမီလိုက်နေသောသူ
ဘေးက လိုက်လာနေသောသူ
အဲဒီ - သူ - သူ အများနဲ့
ထူ - ထူ -- ရမှာက
ဟော့ -
ငါတို့ကျောင်းသားတွေပဲကွ။

ဒီမိုကရေစီ ဆိုတဲ့
ကျောင်းတော်သစ်ဆီကို
ကျောင်းတက်ခေါင်းလောင်းသံက - ကြားနေရပြီ။

လာ - ငါတို့ကျောင်းသားတွေက -
ရောက်နှင့်နေမှ ဖြစ်မှာ -။

လာကြဟ -
သွားစို့
သွားလိုက်ကြစို့ --။

မိုးဇင်

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။

# ဥဒါန်းမကြွေ ဇူလိုင်

အဲဒီနေ့က-
အဓမ္မသံဖနောင့်က
မြကျွန်းညို
အနာဂတ်တို့ ကွန်းခိုရာအရိပ်
နင်းချေဖိနှိပ် တိတ်ဆိတ်စေရမတဲ့။

သဘာဝကျ ဖြစ်စဉ်မဟုတ်သော
လောဘ ဒေါသ မောဟ မာန်မာနအလိုအတိုင်း
ရှိုင်းမိုက်ရက်စက်
မြေပြင်ထက် ပန်းဖျက်သမားတို့ခြေ
ပွင့်ဖတ်လွင့်ကြွေ ရဲမြေ
ဒီလိုမိုးစမျှန်ဖွဲ့ ဝေ့ဝဲညို့သီ
ဇူလိုင် နီမြန်းခဲ့ရပြီ။

ယုံကြည်လေလေ့-
ကမ္ဘာကြေသည့်တိုင်
ဥဒါန်း ငါတို့မကြေနိုင်။ ။

**အဲမွန်**

# အယ်ဒီတာ့ အသံ

လူကို ဖမ်းဆီးထောင်ချရုံ၊ နှိပ်စက်ညှင်းပန်း သတ်ပစ်ရုံဖြင့် နိုင်ငံရေးယုံကြည်မှုတခုကို တိမ်ကောပျောက်ကွယ်သွားအောင် လုပ်လို့မရ။

နိုင်ငံရေးယုံကြည်မှုတခု ဆက်လက်တည်ရှိနေဦးမလား၊ တိမ်မြုတ်ပျောက်ကွယ်သွားမလား ဆိုသည်မှာ ထိုယုံကြည်မှုသည် သူ တည်ရှိနေသော ခေတ်တခေတ်ရှိ လူထုကို ဘယ်လောက် အကျိုးပြုသေးသလဲ အကျိုးမပြုတော့ဘူးလဲ ဆိုသည့်အပေါ်မှာသာ မူတည်သည်။

ပြည်သူလူထုကို အကျိုးမပြုတော့လျှင် သမိုင်းခေတ်က ထိုနိုင်ငံရေးယုံကြည်မှုကို ဖယ်ရှား သွားပေလိမ့်မည်။

စစ်အာဏာရှင်စနစ်ကို တစမကျန် ဖျက်သိမ်းပြီး၊ ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက် မည်ဟု ကျောင်းသူ၊ ကျောင်းသားတို့ ယုံကြည်ကြသည်။ ထိုယုံကြည်မှုအတိုင်း တစိုက်မတ်မတ် ချီတက် နေကြသည်။

ယနေ့ ဗမာပြည်ကျောင်းသားလှုပ်ရှားမှုသည် စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ အမြစ်ပြုတ် ဖယ်ရှားရေး လှုပ်ရှားမှုဖြစ်သည်။ ခေတ်အဆက်ဆက် စစ်အာဏာရှင် အဆက်ဆက်တို့သည် သူတို့ကို ဆန့်ကျင်သော ကျောင်းသားလှုပ်ရှားမှုကို နှိမ်နင်းလာခဲ့သည်မှာ ၁၉၆၂ ခုနှစ် ဇူလိုင်(၇)ရက် ကျောင်းသား အရေးတော်ပုံတွင် ကျောင်းသူ၊ ကျောင်းသားများကို ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်ခဲ့သည်မှအစ ၁၉၇၆ ခုနှစ် မှိုင်းရာပြည့်တွင် ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးကို ကြိုးပေး သတ်ပစ် သည်အလယ်၊ ယခု ၂၀၀၇ မျိုးဆက်ကျောင်းသားများဖြစ်ကြသည့် ကိုကျော်ကိုကို၊ ကိုဒီပြေမ်းလင်း၊ ကိုစည်သူမောင်၊ ကိုလင်းထက်နိုင်၊ မဟန်နီဦး၊ မနှင့်ပွင့်ဝေ တို့ကို ထောင်ဒဏ်များ အကြိမ်ကြိမ် ချပစ်သည်အဆုံး နည်းမျိုးစုံဖြင့် နှိမ်နင်းခဲ့သည်။

သို့သော် စစ်အာဏာရှင်စနစ်အမြစ်ပြုတ်ရေး ကျောင်းသားလှုပ်ရှားမှုကား ရပ်တန့်သွားသည်မရှိ။

ကျောင်းသားလှုပ်ရှားမှုနှင့်အတူ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ ဖွဲ့စည်း လှုပ်ရှားမှုကလည်း ရပ်တန့်သွားသည်မရှိ။ ဗကသများအဖွဲ့ချုပ်နှင့်အတူ ဗကသများအဖွဲ့ချုပ်မှ ထုတ်ဝေဖြန့်ချိနေသည့် "အိုးဝေဂျာနယ်"သည်လည်း ရပ်တန့်သွားသည်မရှိ။

၂၀၀၇ မျိုးဆက်ကျောင်းသားများက ၂၀၀၈ ခုနှစ် ဇူလိုင်လ(၇)ရက်နေ့မှ စတင်၍ ပြန်လည် ထုတ်ဝေခဲ့သော "အိုးဝေဂျာနယ်"သည် ယခုဆိုလျှင် (၂) ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ဗမာပြည်ကျောင်းသားလှုပ်ရှားမှုနှင့်အတူ . . .

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်နှင့်အတူ . . .

ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး၊ စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေး တိုက်ပွဲတလျှောက် ကျောင်းသားထုကြား၊ ပြည်သူလူထုကြားတွင် "အိုးဝေဂျာနယ်" ဆက်လက် ရှင်သန် နေလိမ့်ဦးမည်မှာ မြေကြီးလက်ခတ်မလွဲပင်။

# ပစ်ကွင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်ရမည်

မောင်ဝင်းညီ



ယနေ့ဗမာပြည်နိုင်ငံရေး၏ အဓိကဆုံချက်မှာ ဘာလဲ။

နအဖ စစ်အစိုးရက ကျင်းပပေးမည်ဆိုသည့် ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲလော။

ဤရွေးကောက်ပွဲသည် ဗမာပြည်၏နိုင်ငံရေးကို ပိုမို ကောင်းမွန်သည့် အဆင့်သစ်တခုဆီသို့ တင်ပို့ပေးမည်လော။

နအဖ စစ်အစိုးရက ဤသို့ထင်မှတ်အောင် လုပ်နေပါသည်။ သူတို့၏ လက်ကတုံးတောင်ဝှေး သဘော တရားဆရာနှင့် စာရေးဆရာများကလည်း ဤအဓိပ္ပာယ်မျိုး ပြောနေ၊ညွှန်းနေကြပါသည်။ ဗမာပြည် ပြည်သူ လူထုကြီးနှင့် နိုင်ငံတကာအာဘော်ရှင်များအနေဖြင့် ဗမာပြည်နှင့်ပတ်သက်လာလျှင် ဤ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲမှအပ အခြားကိစ္စများဆီသို့ အာရုံရောက်သွားခြင်းမျိုးကို နအဖဗိုလ်ချုပ်များက မဖြစ်စေလိုကြ။ သူတို့၏အာရုံကို - ဥပမာ ဗမာပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျပ်အတည်းများ၊ အနိဋ္ဌာရုံများမှ လွှဲနေကြသည်။

နအဖနှင့် သူတို့၏ဘုန်းတော်ဘွဲ့ရေးလေ့ရှိသော ပုဂ္ဂိုလ်များက ဤရွေးကောက်ပွဲမှာ ဗမာပြည် အား သမိုင်းသစ်သို့ ပို့ဆောင်ပေးမည်ဟု ဆိုနေကြသလို အချို့သော အတိုက်အခံအင်အားစုများကလည်း ဤရွေးကောက်ပွဲဖျက်သိမ်းရေးမှာ သမိုင်းဝင်အကွေ့အချိုးကြီး၊ အဓိကတိုက်ပွဲကြီးတခုဟု သတ်မှတ်ကာ အကုန်ပုံအောရန် လုပ်နေကြသည်။ တပြိုင်တည်းတွင် အသံလွှင့်ဌာနများကလည်း ထုံးစံအတိုင်း ဤကိစ္စ အပေါ် စကားအချေအတင်ပြောပွဲတွေ စီစဉ်ပေးနေကြသည်။ နအဖစစ်အစိုးရ ဖြစ်စေချင်သည့်အတိုင်း ဖြစ်နေသည်ဟု ဆိုရမည်လော။ သို့မဟုတ် ဒါကိုက ဗမာပြည်ရဲ့နိုင်ငံရေးပဲဟု ပြောရတော့မည်လော။

ပြောင်းပြန် ပြန်စဉ်းစားကြည့်စေချင်ပါသည်။ ဤရွေးကောက်ပွဲပျက်သွားသည်ဆိုလျှင် နအဖ စစ်ဗိုလ်ချုပ်တွေ ဘာဖြစ်သွားမည်နည်း။ ပလ္လင်ပေါ်မှ လွင့်သွားကြမည်လော။ ဒီမိုကရေစီရောင်ခြည် သန်းလာမည်လော။ မဟုတ်သည်မှာ သေချာနေပါသည်။ ဗိုလ်သန်းရွှေသည် ဒီဗမာပြည်သားတွေ ရွေး ကောက်ပွဲနှင့် မထိုက်တန်သေးဟုဆိုကာ ကြပ်ပြေးရှိ သလွန်ညောင်စောင်းပေါ်ဝယ် လက်ဝဲနံစောင်းမှ လက်ယာနံစောင်းသို့ လှိမ့်လိုက်ပေလိမ့်မည်။ ဗိုလ်သန်းရွှေက သမ္မတပြန်လုပ်ကာ ဗိုလ်သိန်းစိန်ကလည်း ဝန်ကြီးချုပ် ပြန်လုပ်ကြပေလိမ့်မည်။ သူတို့လက်ထဲမှာ အာဏာ(သေနတ်) ရှိနေသရွေ့ ရွေးကောက်ပွဲဆို

သည်ကို အချိန်မရွေး၊ ထင်သလိုလုပ်လို့ရသည်။ အခုကိုပဲ ကယားပြည်နယ်မှာ ကြံ့ဖွံ့ပါတီက ရွေးကောက်ပွဲအတွက် နယ်ဆင်းစည်းရုံးတော့ စစ်တပ်က လုံခြုံရေးအစောင့်အရှောက် လိုက်ပေးတာတွေ လုပ်နေသည်။ မနိုင် နိုင်အောင်လုပ်မည်ဆိုသည်မှာ ရှင်းနေသည်။

သို့သော် ဤသို့ဆိုသဖြင့် ရွေးကောက်ပွဲကိုဆန့်ကျင်သည့်တိုက်ပွဲကို လက်လွှတ်လိုက်ရမည်ဟု မဆိုလိုပါ။ နအဖ ဗိုလ်ချုပ်တွေ သူတို့လုပ်ချင်သမျှ ထင်တိုင်းလုပ်မရကြောင်း၊ ဤရွေးကောက်ပွဲမှာ အလိမ်အညာဖြစ်ကြောင်း၊ ရွေးကောက်ပွဲဝင်သူတွေထဲမှ အချို့သူများ၏ အတွင်းသရုပ်သကန် စသည်တို့ကို ဖွင့်ချနိုင်ရန်၊ လူထုနှင့်ကမ္ဘာက သိအောင်လုပ်ရန် တတ်စွမ်းသမျှတော့ လုံးပမ်းရပါမည်။ သို့သော် ဤတိုက်ပွဲတွင် မိမိရှိသမျှ အင်အားတွေဆုံးရှုံးခြင်း၊ မိမိတို့၏ ရေရှည်အစီအမံများအား ထိခိုက်ခြင်း မဖြစ်အောင် လုပ်ကြ ရပေမည်။

နအဖစိတ်တိုင်းကျ ပြင်ဆင်ထားသော၊ ယခုတိုင်ပြင်ဆင်နေဆဲဖြစ်သော ဤရွေးကောက်ပွဲကို မဝင် ကြခြင်းနှင့် ဆန့်ကျင်နေကြခြင်းများ၏ အဓိက အကြောင်း ရင်းမှာ ကိုယ်က မင်းသားကြီးမလုပ်ရသဖြင့် ပတ်မကြီးကို ထိုးဖောက်ခြင်းမဟုတ်ကြောင်း အထူး ရှင်းပြနေစရာမလိုဟု ထင်သည်။ စစ်အာဏာရှင် များ၏ ၂၀၀၈ ခု နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မတရား လွန်း ခြင်း၊ စစ်အာဏာ ရှင်စနစ်ကို ပုံစံတမျိုးဖြင့် ရေရှည် တည်တံ့စေရေးအတွက် ရည်ရွယ်ပြီး နှစ်ပေါက် တစ်ပေါက် ရိုက်ခြင်းဖြစ်သောကြောင့် ဆန့်ကျင် ကြခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ယနေ့ နိုင်ငံရေး၏ အဓိက၊ အခရာ မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပင် ဖြစ်သည်။

‘ဘာမှ မရှိတာနဲ့စာရင် တခုခုရှိတာက တော်သေးတယ်’ဟု ပြောနေသူများသည် သံတုတ်နှင့် အရိုက်ခံရလျှင် တချက်တည်းနှင့်သေမည်၊ သံတုတ်ကို ကတ္တီပါစလေး အုပ်ပြီးရိုက်လျှင် သုံးလေးချက် အရိုက်ခံရမှ သေမည်။ ထို့ကြောင့် နည်းနည်းသက်သာသည့် ဒုတိယနည်းကို ရွေးရအောင်ဟု ပြောနေသကဲ့သို့ ဖြစ်နေသည်။

ထို့ကြောင့် ဗမာနိုင်ငံ၏ လက်ရှိသမိုင်းအကွေ့တွင် တိုက်ပွဲများ၏ဆုံချက်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဿနာအပေါ်တွင် ပို၍ဖြစ်သင့်ပါသည်။ ဤရွေးကောက်ပွဲတွင် မည်သူတွေပဲ ကိုယ်စားလှယ်ဖြစ်ဖြစ်၊ မည်သူတွေ ဝန်ကြီးဖြစ်ဖြစ်၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေကို မဖျက်သိမ်းနိုင်သရွေ့တော့ ဗမာပြည်သားများမှာ စစ်အာဏာရှင်ထမ်းပိုးအောက်မှ လွတ်မြောက်မည်မဟုတ်ချေ။ လွှတ်တော်ထဲ ဝင်ခွင့်ရသူများသည် ဖိုးသူတော်ဖြစ်မှန်းမသိဖြစ်သည်ဆိုသကဲ့သို့ သူတို့သည် လူဝတ်လဲ စစ်အာဏာရှင်များအား အလုပ်အကျွေးပြုနေရခြင်းသာဖြစ်ကြောင်း ဝင်သည့်နေ့မှာပင် တွေ့မြင်ကြရပေလိမ့်မည်။ ပိုဆိုးသည်မှာ ယင်းသို့သောအချင်းအရာမှာ လွှတ်တော်တခုတည်းသာမက လွှတ်တော်အဆက်ဆက်တွင် တွေ့မြင်ရမည့်သဘောဖြစ်နေသည်။ ထို့ကြောင့်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဆိုလျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်ပင် ကိုယ့်ပါတီကိုဖျက်သိမ်းခံကာ တိုက်ပွဲဝင်နေသည်။



ရွေးကောက်ပွဲလွန်ကာလ ဗမာပြည်၏ နိုင်ငံရေးတိုက်ပွဲမှာ အနှစ်သာရအားဖြင့် စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး ဖြစ်မြဲဖြစ်သော်လည်း လက်တွေ့အားဖြင့် ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို တိုက်ဖျက်ရေး ပင်ဖြစ်ပေလိမ့်မည်။ သတိပြုသင့်သည်မှာ တော်လှန်ရေးအင်အားစုများသည် ဖဆပလအပါ၊ စစ်အစိုးရအဆက်ဆက်ကို လက်နက်ကိုင်တိုက်ပွဲအပါ အဝင် တိုက်ပွဲသဏ္ဌာန် အမျိုးမျိုးဖြင့် တော်လှန်ရေး လုပ်ခဲ့ကြသော်လည်း ၁၉၄၇ ခုနှစ် ပင်လုံဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းရေးကြွေးကြော်သံ မတင်ခဲ့ဖူးဘူးဆိုသောအချက် ဖြစ်ပါသည်။ ဗိုလ်နေဝင်းက ယင်း ၁၉၄၇ ခုနှစ် ပင်လုံဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖျက်သိမ်းလိုက်သော အခါမှသာ စစ်အာဏာရှင်စနစ် ဖျက်သိမ်း ရေး ကြွေးကြော်သံတင်ကာ ၁၉၇၄ ခုနှစ် မဆလဖွဲ့စည်းပုံ အခြေခံဥပဒေကိုပါ ဆန့်ကျင် တိုက်ပွဲဝင်ခဲ့ကြသည်။ ရှစ်လေး လုံးကာလ အထိဟု ဆိုနိုင်သည်။ ရှစ်လေး လုံး အရေးတော်ပုံ အောင်ပွဲ၏ သင်္ကေတ မှာ မဆလအစိုးရနှင့် မဆလ ဖွဲ့စည်းပုံအခြေခံဥပဒေ ပျောက်ကွယ်သွားခြင်းဖြစ်သည်။ ဗိုလ်နေဝင်း-ဗိုလ်စိန်လွင်တို့တော့ ဆင်းသွားပါရဲ့၊ မဆလဖွဲ့စည်းပုံကြီး ဆက်ရှိနေမည်ဆိုပါက မည်သို့ ဖြစ်မည် ဆိုခြင်းကို တွေးကြည့်နိုင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေရှိတာဟာ လုံးဝမရှိတာနဲ့စာရင် အများကြီးတော်သေးတယ်ဆိုသည့် လူများကို ယင်းမဆလ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်သတိရစေချင်သည်။ ယင်းဥပဒေဖြင့် မဆလသည် တိုင်းပြည်ကို အဆင်းရဲဆုံးနိုင်ငံအဆင့်သို့ ဆွဲချသွားခဲ့သည်။ အလုပ်သမားသတ်ပွဲ၊ ကျောင်းသားသတ်ပွဲတွေ ပြုလုပ်ခဲ့သည်။ နောက်ဆုံး လူထုအရေးတော်ပုံကြီးနှင့်မှ ဖျက်သိမ်းနိုင်တော့သည်။ ယင်းမှာ ဗိုလ်နေဝင်း၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဖြစ်သည်။ သို့ဖြစ်ပါက ဗိုလ်သန်းရွှေ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဗိုလ်နေဝင်း၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေထက် ကောင်းမည်ဟုယူဆရန် ဘယ်အချက်များက ပြသနေပါသနည်း။ ‘ဘာမှ မရှိတာနဲ့စာရင် တခုခု ရှိတာက တော်သေးတယ်’ဟု ပြောနေသူများသည် သံတုတ်နှင့် အရိုက်ခံရလျှင် တချက်တည်းနှင့်သေမည်၊ သံတုတ်ကို ကတ္တီပါစလေး အုပ်ပြီးရိုက်လျှင် သုံးလေးချက် အရိုက်ခံရမှသေမည်။ ထို့ကြောင့် နည်းနည်း သက်သာသည့် ဒုတိယနည်းကို ရွေးရအောင်ဟု ပြောနေသကဲ့သို့ ဖြစ်နေသည်။

သံတုတ်ကို စစ်အာဏာရှင်များလက်ထဲမှ လုယူပြီး အဲဒီလက်ကို ရိုက်ချိုးကြရမည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ထိုလက်ပင်ဖြစ်သည်။ ဤတိုက်ပွဲမှာ လွယ်လွယ်နှင့် တပွဲတိုးပြီးမည့် တိုက်ပွဲ မဟုတ်ပါ။ အချိန်ယူရပါမည်။ ပြင်ဆင်မှုအတွက်ပင် အသေအချာ အချိန်ယူရပါမည်။ ခက်သော်လည်း မအောင်မြင်နိုင်သည့်တိုက်ပွဲတော့ မဟုတ်ပါ။ ပြည်သူလူထုကြီးပါဖို့က အဓိက ဖြစ်ပါသည်။

မောင်ဝင်းညီ

## ဆလိုင်းတင်မောင်ဦး
## ကျောင်းသားခေါင်းဆောင်
## (၁၉၇၄-၇၅-၇၆)



*ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦး*

ဆလိုင်းတင်မောင်ဦးကို ၁၉၅၁ ခုနှစ် နိုဝင်ဘာလ(၉)ရက်နေ့တွင် အဖ ဆလိုင်းလှဒင်၊ အမိ မိုင်နှင်းမြိုင်တို့မှ တောင်ငူမြို့တွင် ဖွားမြင်ခဲ့ပါတယ်။ မိဘနှစ်ပါးသည် အရှိုမြေပြန့် ချင်းမျိုးနွယ်စုမှ ခရစ်ဘာသာဝင်များဖြစ်ကြပြီး၊ သားသမီးရှစ်ဦး ထွန်းကားခဲ့သည့်အနက် ဆလိုင်းတင်မောင်ဦးသည် အကြီးဆုံး သားဖြစ်ပါသည်။

ဆလိုင်းတင်မောင်ဦးသည် ၁၉၆၉ ခုနှစ် ကျွန်းဆွယ်အရေးအခင်းမှ စတင်၍ နိုင်ငံရေးလှုပ်ရှားမှုတွင် တက်ကြွစွာ ပါဝင်ခဲ့သူဖြစ်သည်။ ၁၉၇၄-၇၅ ခုနှစ်အတွင်း ချင်းစာပေနှင့် ယဉ်ကျေးမှုအသင်း အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်ကျောင်းသားတဦးဖြစ်သော်လည်း ဆလိုင်းတင်မောင်ဦးသည် ၁၉၇၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော ဂျွန်(၆) အလုပ်သမားသပိတ်မှာ အလုပ်သမားနှင့်အတူ သပိတ်တိုက်ပွဲဆင်နွှဲခဲ့သည်။

ဆလိုင်းတင်မောင်ဦးသည် ၁၉၇၄ ခုနှစ် ဂျွန်(၆) အလုပ်သမား အရေးအခင်း မတိုင်မီကတည်းက မြေအောက်ကျောင်းသားလှုပ်ရှားမှုများတွင် ပါဝင်ခဲ့သည့်အတွက် ၁၉၇၂ ခုနှစ် ဒီဇင်ဘာလ၊ ၅ ရက်နေ့မှ ၁၉၇၄ ခုနှစ် ဇန်နဝါရီလ

၃ ရက်နေ့အထိ အင်းစိန်အကျဉ်းထောင်တွင် (၂)နှစ် လုံခြုံရေးအရ ထိန်းသိမ်းခံခဲ့ရဖူးသည်။

ထို့နောက် ဆလိုင်းတင်မောင်ဦးသည် ၁၉၇၄ ဦးသန့်အရေးအခင်း၊ ၁၉၇၅ ဇွန်လ(၆) နှစ်ပတ်လည် ရွှေတိဂုံအရေးတို့တွင် ဦးဆောင်မှုအခန်းမှ ပါဝင်ခဲ့သည့် အရှိုချင်းတိုင်းရင်းသား ကျောင်းသားခေါင်းဆောင်ဖြစ်သည်။

မှိုင်းရာပြည့်ကျင်းပရန် ကြိုးပမ်းနေစဉ် ၁၉၇၆ ခုနှစ် မတ်လ(၂၂) ရက်နေ့တွင် စစ်အာဏာရှင်တို့က ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးကို ဖမ်းဆီးရမိသွားခဲ့သည်။ ဆလိုင်းတင်မောင်ဦးကို ဖမ်းဆီးစဉ်ကာလက မိသားစုဝင်အားလုံးကိုပါ ဖမ်းဆီးခဲ့သည်။ ညီမငယ် မလှမြိုင်သည်လည်း ၁၉၇၆ ခုနှစ် မှိုင်းရာပြည့်အရေးအခင်းတွင် ဖမ်းဆီးခံခဲ့ရပြီး၊ စစ်အစိုးရအကျဉ်းထောင်ထဲတွင် ၄ နှစ်နေခဲ့ရသည်။

ဆလိုင်းတင်မောင်ဦးကို ဖမ်းဆီးပြီးနောက် ကျောင်းသားလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့သည့်အတွက် သေဒဏ်ချမှတ်ကာ ၁၉၇၆ ခုနှစ် ဇူလိုင်(၂၆)ရက်နေ့ နံနက်လင်းအားကြီးအချိန်တွင် အင်းစိန်ထောင်တွင်း၌ ကြိုးပေးသတ်ခဲ့သည်။

ကျောင်းသားခေါင်းဆောင် ဆလိုင်းတင်မောင်ဦးသည် ကြိုးပေးသတ်ရန် စစ်အာဏာပိုင်များက အကျဉ်းထောင် ကြိုးတိုက်ခန်းတွင်းမှ လာထုတ်သည့်အခါတွင် *"ရဲဘော်တို့ ငါသွားပြီ၊ ဆက်တိုက်ကြ၊ ငါ့ကိုခေါ်သွားပြီ၊ ဆက်တိုက်ကြ"* အော်ဟစ်ခဲ့သည်။ *ကြိုးစင်ပေါ်သို့တက်ရတော့မည့် နောက်ဆုံးအချိန်တွင်လည်း "ရဲဘော်တို့ လူသူမသိအောင် ငါ့ကို သတ်ဖို့ သူတို့ လုပ်နေကြတယ်။ မင်းတို့ ငါ့ ခန္ဓာ ကိုယ်ကို သတ်နိုင်ပေမယ့် ငါ့ရဲ့ယုံကြည်ချက်ကို မင်းတို့ သတ်လို့မရဘူး။ မင်းတို့ရဲ့ စစ်ဖိနပ်အောက်မှာ ငါ ဘယ်သောအခါမှ ဒူးမထောက်ဘူး။"*ဟု သမိုင်းဝင်စကားများကို ပြောကြားခဲ့သည်။

စစ်အာဏာရှင်တို့၏ ကြိုးပေးသတ်ခြင်းခံရသည့်အချိန်တွင် ဆလိုင်းတင်မောင်ဦးသည် ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်၊ သတ္တဗေဒဘာသာရပ်၊ တတိယနှစ် ကျောင်းသားတဦးဖြစ်သည်။

ဗမာပြည်ကျောင်းသားလှုပ်ရှားမှုသမိုင်းတွင် စစ်အာဏာရှင်တို့၏ ရက်စက်စွာ ဖိနှိပ်မှုကြောင့် ဆလိုင်းတင်မောင်ဦးသည် ဂုဏ်ရောင်ပြောင်သည့် ကျောင်းသားအာဇာနည်တဦးအဖြစ် ကျဆုံးခဲ့ပါသည်။ ။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။

# အောင်ပွဲသို့ချီရာဝယ်

ငြိမ်းအောင်

တကယ်တော့ တပ်မတော်ရဲ့သဘောထားမှန်ကို မြင်သာထင်ရှား ပထမဆုံးစပြီးပြလိုက်တာဟာ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက်နဲ့ ၈ ရက်နေ့တွေကတည်းကပါ။ အဲဒါကို ပထမဆုံး မျက်တွေ့လက်တွေ့ တွေ့ကြုံခံစားနားလည်သွားကြတဲ့ သူတွေကတော့ တက္ကသိုလ်ကျောင်းသားကျောင်းသူတွေပဲ ဖြစ်ပါတယ်။စစ်တပ်က အဓိကပစ်မှတ်ထား ချေမှုန်းခံခဲ့ကြရသူတွေကလည်း အဲဒီတုန်းက တော်လှန်တိုးတက်တဲ့ အတွေးအခေါ်ကို ကိုင်စွဲပြီး မတရားတဲ့ စစ်တပ်အုပ်ချုပ်ရေးစနစ်ကို ဘယ်လိုအခြေအနေမျိုးနဲ့မှ လက်မခံနိုင်ဘူးဆိုပြီး စစ်တပ်ကို ဝေဖန်ပြောဆို ခုခံဆန့်ကျင်ခဲ့ကြတဲ့ ကျောင်းသားကျောင်းသူတွေ ဖြစ်ကြပါတယ်။ စစ်တပ်ဟာ သူတို့ရဲ့ အာဏာကို အာခံအံတုဖို့ ကြိုးစားလာတဲ့ ကျောင်းသားကျောင်းသူတွေကို လက်နက်နဲ့ မတရားသိမ်းပိုက်ထားတဲ့ အာဏာအားကိုးနဲ့ မလှန်နိုင်အောင် ချေမှုန်းပစ်ဖို့ ကြိုးစားခဲ့တယ်ဆိုတာ အဲဒီအချိန်ကို သိမီခဲ့ကြတဲ့သူတွေ သိမြင်နားလည်ပြီးဖြစ်ပါတယ်။

စစ်တပ်ဟာ သူတို့ကို ဆန့်ကျင်အာခံလာတဲ့သူတွေကို လက်နက်ကိုင် လက်နက်မဲ့ ကိုယ့်တိုင်းရင်းသားတွေ ကိုယ့်နိုင်ငံသားတွေ တိုင်းတပါးသားတွေ စသဖြင့် ခွဲခြားမကြည့်ပါဘူး။ လူငယ်လူကြီး ခွဲခြားမကြည့်ပါဘူး။ အားလုံးကို ရန်သူလို့ တသဘောတည်းထားပြီး စစ်ပွဲတခုလို ပြင်ဆင် စစ်ဆင်ပြီး ဘယ်လိုနည်းနဲ့



ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။



နှိမ်နင်းချေမှုန်းရမလဲ ဆိုတာကိုပဲ မဟာဗျူဟာ နည်းဗျူဟာ အသေအချာရေးဆွဲပြီး ချေမှုန်းနှိမ်နင်းပစ်လေ့ရှိပါတယ်။

ကျနော်ဆိုလိုတာ တခြားနိုင်ငံက စစ်တပ်တွေကို မဆိုလိုပါဘူး။ ဥပမာ မကြာသေးခင်ကမှ အစိုးရကို နိုင်ငံရေးအရ အာခံဆန့်ကျင်လာတဲ့သူတွေကို အိမ်နီးချင်းထိုင်းနိုင်ငံစစ်တပ်က ကိုင်တွယ်ထိန်းချုပ်သွားပုံကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။ စစ်တပ်ဟာ အစိုးရကဆန္ဒပြသူတွေ အကြမ်းသိပ်ဖက်လာလို့ တားဆီး ဖယ်ရှားပစ်ဖို့ တာဝန်ပေးလာတဲ့အချိန်မှာတောင် အင်အားသုံး ချေမှုန်းတာမျိုး မလုပ်နိုင်ဘူးလို့ ငြင်းဆန်ပစ်ခဲ့ ပါတယ်။ နောက်ဆုံး လုံခြုံရေးဝန်ထမ်းတွေ၊ စစ်သားတွေ ထိခိုက်သေဆုံး ဒဏ်ရာရမှုတွေ များပြားလာ၊ အပြစ်မဲ့ ပြည်သူလူထုတချို့ ထိခိုက်သေဆုံးလာပြီး အများပြည်သူနဲ့သက်ဆိုင်တဲ့ အဆောက်အဦ ဥစ္စာပစ္စည်းတွေကို မီးရှို့ ဖျက်ဆီးလာတဲ့အခါမှသာ လိုအပ်သလောက် ပြန်လှန်ပစ်ခတ် ဖမ်းဆီးထိန်းသိမ်းခဲ့တာ တွေ့ရပါတယ်။ အပြန်အလှန်ပစ်ခတ်ခဲ့ကြတဲ့ သတင်းဗီဒီယိုမှတ်တမ်းတွေ သတင်း ဓာတ်ပုံတွေကို ပြန်ကြည့်ရင် တကယ်တမ်းသာ စစ်တပ်ကအင်အားသုံး ချေမှုန်းခဲ့မယ်ဆိုရင် ဒီထက် အများကြီးပိုပြီး သေဆုံးထိခိုက် ဒဏ်ရာရ ကြမယ်ဆိုတာ ပေါ်လွင်ထင်ရှားလှပါတယ်။ သူတို့က သူတို့ရဲ့ ပြည်သူလူထုကို ရန်သူလို သဘောမထားပါဘူး။ သူတို့ရဲ့ လုပ်ပိုင်ခွင့်နဲ့ လက်နက်အင်အား စစ်အင်အားကို လိုအပ်တာထက်ပိုအသုံးမပြုခဲ့ကြပါဘူး။ ကျနော်တို့ တိုင်းပြည်က လိုင်သာယာ၊ ရွှေပြည်သာ စတဲ့နေရာတွေက စက်ရုံအလုပ်ရုံတချို့က အလုပ်သမားတွေ ဆန္ဒပြ (အစိုးရကို မဟုတ်ပါဘူး အလုပ်ရှင်တွေကိုပါ) ကြတုန်းက စေလွှတ်လိုက်တဲ့ လုံခြုံရေး လက်နက်ကိုင် ရဲတပ်ဖွဲ့ အင်အားကို ကြည့်ရင် သဘောထားချင်း ဘယ်လောက် ကွာခြားတယ်ဆိုတာ တွေ့ရမှာပါ။

> ၆၂ ခုနှစ်က စလိုက်တဲ့ ကျောင်းသားလှုပ်ရှားမှုတွေ၊ အလုပ် သမားလှုပ်ရှားမှုတွေနဲ့ ခုဆို လူထုလှုပ်ရှားမှုတွေဟာ ခုချိန်ထိလည်း ကွယ်ပျောက် ချုပ်ငြိမ်းသွားတယ်လို့ မရှိသေးဘဲ ပိုလို့တောင် များပြားလာတာကို စစ်အစိုးရ သဘောပေါက်သင့်ပါပြီ။ ဘာဖြစ်လို့များ အန္တရာယ် ဒီလောက်ကြီးမားတာကို ရင်ဆိုင်ပြီး ငါတို့ကို အာခံဆန့်ကျင်နေကြတာပါလိမ့် ဆိုပြီး---

ကျနော်တို့တိုင်းပြည်က ပြည်သူထုထုကတော့ ကိုယ့်တိုင်းပြည်ရဲ့စစ်တပ်ရဲ့ သဘောထားအမှန်ကို ကောင်းကောင်း နားလည်သဘောပေါက်ကြပါတယ်။ တို့သာဆို သေလိုက်ကြမယ့်ဖြစ်ခြင်းလို့ မှတ်ချက်ချကြရပါတယ်။ ဒါတောင် ပါးစပ်ကမဟုတ်ပါဘူး အများစုက စိတ်ထဲကကျိတ်ပြီး မှတ်ချက်ချခဲ့ကြတာကို ပြောတာပါ။ လူစုလူဝေးနဲ့မဟုတ်ဘဲ တဦးချင်း ထုတ်ဖော်ပြောမိရင်တောင် ဘယ်လောက်ခံစားသွားရ နိုင်တယ် ဆိုတာကို ပြည်သူလူထုက နားလည်သဘောပေါက်ပြီး ဖြစ်ပါတယ်။ သူတို့ပြောပြောနေတဲ့ တပ်မတော်ရဲ့ သဘောထားအမှန်ပေါ့လေ။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။



ဒါပေမယ့် စစ်အစိုးရက ဒီလောက်ထိ ဖိနှိပ်ညှင်းပမ်း ရက်ရက်စက်စက် ချေမှုန်းတတ်မှန်းသိရဲ့နဲ့ ၆၂ ခုနှစ်က စလိုက်တဲ့ ကျောင်းသားလှုပ်ရှားမှုတွေ၊ အလုပ်သမားလှုပ်ရှားမှုတွေနဲ့ ခုဆို လူထုလှုပ်ရှားမှုတွေဟာ ခုချိန်ထိလည်း ကွယ်ပျောက်ချုပ်ငြိမ်း သွားတယ်လို့ မရှိသေးဘဲ ပိုလို့တောင် များပြားလာတာကို စစ်အစိုးရ သဘောပေါက်သင့်ပါပြီ။ ဘာဖြစ်လို့များ အန္တရာယ် ဒီလောက်ကြီးမားတာကို ရင်ဆိုင်ပြီး ငါတို့ကို အာခံဆန့်ကျင်နေကြတာပါလိမ့်ဆိုပြီး တကြိမ်တလေတောင် တွေးမကြည့်မိကြဘူးလို့ ထင်ပါတယ်။ တွေးကြည့်မိ ပြီးပြီ ဆိုရင်လည်း အာဏာနဲ့စည်းစိမ် ငမ်းဖမ်းပြီး တွင်းတူး မိုက်နေကြတာပဲ ဖြစ်ပါလိမ့်မယ်။

ခုချိန်မှာတော့ ကျနော်တို့တိုင်းပြည်က စစ်အာဏာရှင်တစ်စုနဲ့ လက်ကိုင်ဒုတ်လုပ်ထားခံရတဲ့ စစ်တပ်ဟာ ရဟန်းသံဃာကစလို့ အလုပ်သမား၊ လယ်သမားအဆုံး သူတို့ရဲ့ရန်သူလို့ သဘောထား လာပြီ ဖြစ်ပါတယ်။ ချမ်းသာကြွယ်ဝတဲ့သူတွေက မွေးဖွားလာကြပြီး အနုပညာနယ်ပယ်ထဲမှာပဲ ကျင်လည်ပျော်မွေ့နေခဲ့ကြတဲ့ ခေတ်ပေါ် တေးဂီတအဆိုတော်တွေတောင် အစိုးရ မတရားလုပ်လွန်း ရက်စက် ရိုင်းစိုင်းလွန်းတာကို တွေ့မြင်သဘောပေါက်လာကြတဲ့အခါ စစ်အာဏာရှင် အစိုးရကို ဆန့်ကျင်အာခံစပြုလာကြပါပြီ။ စစ်အစိုးရဟာ ရန်သူပတ်လည် ဝိုင်းနေပြီ ဖြစ်ပါတယ်။

စစ်အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုတိုင်း တိုက်ပွဲတိုင်းရဲ့ ရှေ့တန်းကနေ ဦးဆောင်ပါဝင် လာခဲ့တဲ့ ကျောင်းသား လူငယ်တွေအနေနဲ့ နောင်တော် ကျောင်းသား မျိုးဆက်တွေရဲ့ စိတ်ဓာတ် ကို လက်ဆင့်ကမ်းသယ်ဆောင်ကိုင်စွဲပြီး ပြည်သူ လူထုကို စည်းရုံး သိမ်းသွင်းကြဖို့ အမှန်တရားနဲ့ တရားမျှတမှု လူ့အခွင့်အရေး ဒီမိုကရေစီရေးအတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ကိုယ်စီကိုယ်စီ ငါတို့မှာ တာဝန်ရှိနေတယ်ဆိုတဲ့ နားလည်ခံယူမှုကို အလေးအနက်ထားကြဖို့ အရေးကြီးပါတယ်။ ကိုယ်လုပ်လို့ ရနိုင်တဲ့နေရာဒေသနဲ့ အခြေအနေပေါ်မှာ မူတည်ပြီး အမှန် တရားနဲ့ တရားမျှတမှုကို ကာကွယ်စောင့်ရှောက်ကြရပါလိမ့်မယ်။ မတရားတဲ့ အမိန့်အာဏာတွေကို ဦးဆောင် ငြင်းပယ် အာခံပြကြရပါလိမ့်မယ်။ စစ်အာဏာရှင်တွေနဲ့ သူတို့ရဲ့အလိုတော်ရိတွေ ဒေါက်တိုင်တွေရဲ့ လုပ်ဆောင်လှုပ်ရှားနိုင်မှုနယ်ပယ် ဩဇာသက်ရောက်မှုရှိတဲ့ နယ်ပယ်တွေကို ကျဉ်းမြောင်းလာအောင် ကန့်သတ် တားဆီးမှု လုပ်ကြရပါလိမ့်မယ်။ ဆန့်ကျင်ဝိုင်းပယ်ကြရပါလိမ့်မယ်။ ပြည်သူလူထုတရပ်လုံး တညီတညွတ်တည်း အာခံဆန့်ကျင် တွန်းလှန်လာအောင် စံနမူနာပြကြရပါလိမ့်မယ်။

အဲဒီအခြေအနေမျိုးကို ရောက်ရှိလာအောင် တကယ်တမ်း စွမ်းဆောင်နိုင်ကြတဲ့သူတွေဟာ ကျောင်းသားကျောင်းသူလူငယ်တွေပဲ ဖြစ်ပါတယ်။ ငါတို့လုပ်နိုင်တယ်ဆိုတဲ့ ယုံကြည်ချက်ကို အခိုင်အမာကိုင်စွဲပြီး ကိုယ်ကျရာ အခန်းကဏ္ဍကနေ အကောင်းဆုံး တာဝန်ယူလုပ်ဆောင်ကြဖို့သာ ဖြစ်ပါတယ်။

တိုက်ရဲတဲ့သူတွေအတွက် အောင်ပွဲဆိုတာ အသေအချာရှိနေတယ် မဟုတ်ပါလား။ ။

ငြိမ်းအောင်

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။

# အိုးဝေဂျာနယ်
# ပြန်လည်ထုတ်ဝေမှု(၂)နှစ်ပြည့်
# ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်
# ကျောင်းသူ ကျောင်းသားများ၏
# သူတို့အတွေး သူတို့အမြင် စာစုများ

# အောက်ကလိအာသံဖြင့်တော့ အိုးဝေသီချင်း မသီကျူးနိုင်

နော်အက်စ်တာ
(ဗကသများအဖွဲ့ချုပ်)



ဆင်ဖြူတော်မှီပြီး ကြံစုပ်ချင်သော အလေ့အထများကို နေ့စဉ်ဘ၀ထဲတွင် တွေ့နေရတတ်သည်။ Y.E.S ကို Yes ဟူ၍ လည်းကောင်း ၊ Weekly Eleven ကို Whisky Eleven ၊ ဦးဂျမ်းကို ဦးဘဂျမ်း၊ ရွှေဝါကို ရွှေဝါး ဟူ၍လည်းကောင်း ချဲ့သမား ချဲ့ဂဏန်း ပတ်လည်လှည့်ထိုးသလိုမျိုး ဥာဏ်နီဥာဏ်နက် ပိုက်ဆံခွက်ပြည့်အောင် ကြံဆောင်ကြတဲ့ စီးပွားရေးလောကက မသမာမှုများကို မကြားချင် မတွေ့ချင်လျှင် မျက်နှာလွှဲ နားပိတ်နေလို့ ရသေးသည်။ တိုင်းရေးပြည်ရာများတွင်ပါ ထိုသို့ဆင်တူယိုးမှား တုပမှုရောဂါများ ကူးစက်လာသည့်အခါ ကျမတို့ လက်ပိုက်ကြည့်မနေနိုင်တော့။ ဝင်ပြောရသည်။ ကန့်ကွက်ရသည်။

ဦးမင်းကို နိုင်တို့ ၈၈-မျိုးဆက် ကျောင်းများ ရဲရဲတောက် ပေါ်ပေါက်လာပြီးနောက် စစ်အစိုးရကျောထောက်နောက်ခံပြု ဖောက်ပြန်ရေးသမား ဦးအေးလွင်တို့ ညီအကိုတစုက ၈၈-မျိုးဆက် ကျောင်းသားလူငယ်များ (ပြည်ထောင်စု မြန်မာနိုင်ငံ) ဆိုပြီး လုပ်လာသည်။ လုပ်လာသည်ဆိုသည်ထက် ရှုပ်လာသည်ဟုပြောမှ ပိုမှန်လိမ့်မည်ထင်သည်။ သည့်ထက်ပိုအံ့သြ၊ စိတ်လည်းပျက်စရာကောင်းတာကတော့ ၂၀၀၈ စစ်ဖွဲ့စည်းပုံနှင့် မတရားသဖြင့် ကန့်သတ်ချုပ်နှောင်မှုများဖြင့် တင်းကြမ်းပြည့်နေသည့်၂၀၁၀ ရွေး ကောက်ပွဲဆိုင်ရာဥပဒေများကို ခုခံဆန့်ကျင်ကာ ၁၉၉၀ ရွေးကောက်ပွဲတွင် အပြတ်အသတ် ရွေးချယ်တင်မြှောက်ခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများအပေါ် သစ္စာစောင့်သိတတ်သော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၀ ရွေးကောက်ပွဲကို သပိတ်မှောက် လိုက်သည့်အခါ NLDမှ ပဲ့ထွက်ကျလာသော ဦးခင်မောင်ဆွေနှင့် နန်းကျဗိုလ်ချုပ်ခင်ညွှန့်နှင့် ယောက်ဖ တော်စပ်သူ ဒေါက်တာသန်းငြိမ်းတို့ ခေါင်သူကြီးလုပ်သည့်အစုကို အမည်ပေးထားပုံနှင့် တံဆိပ်သင်္ကေတယူထားပုံပင်ဖြစ်သည်။ တိုင်းပြည်ကိုဦးဆောင်မည်ဆိုသည့်သူများအနေဖြင့် တော်တော် အပျင်းကျသည်ဘဲလားသို့မဟုတ် ထိုးထွင်းဖန်တီးနိုင်စွမ်း ခေါင်းပါးသည်ဟုဆိုရမည်လားမသိပါ။ သည့်ထက် ပိုတွေးကြည့်ရလျှင်

စစ်အစိုးရအလိုကျ NLD ကို နည်းလမ်းပေါင်းစုံဖြင့် အနှောင့်အယှက်ပေးလိုတာလား။ NLD နဲ့ ကော်မရှင်မှာ တရားယှဉ်ဆိုင်ရင် ကော်မရှင်က ဦးခင်မောင်ဆွေတို့ရဲ့ NDF ကို အနိုင်ပေးမယ်ဆိုတာ သေချာပေါက်သိနေလို့ အားကိုးနဲ့မိုက်တာလား။ ဒါမှမဟုတ် ကိုယ့်အရည်အချင်း ကိုယ်သိနေကြ၍ ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အရောင်ကို ရသလောက်ယူ ပါးကလေး ပြောင်နိုင်ဘို့ ပြည်သူကို လှည့်စား၊ ဝွင်များချနေရော့သလား။ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စကားရပ်တွင် အဖွဲ့ချုပ်ဆိုတာလေးကိုဖယ်၊ အင်အားစုဆိုသည်ကိုထည့်။ အမည်ရွှေးရတာ တော်တော်ကြီး ပင်ပန်းသွားပုံရသည်။ တံဆိပ်သင်္ကေတအတွက် အသစ် စဉ်းစားမနေနိုင်တော့ NLD တသက်လုံးဆောင်းထားသည့် စင်ပေါ်ကခမောက်ကို လှမ်းစွဲယူလိုက်သည်။ ပြီးတော့ပြောသည်။ လယ်သမားတွေကို ကိုယ်စားပြုချင်လို့ပါတဲ့။ စပါးနှံတွေ၊ ကောက်ရိတ်တံစဉ်တွေ၊ ထွန်တုံးထွန်စက်တွေ အများကြီးရှိသည်။ နောက်ဆုံး ခိုင်းနွားပုံကို သင်္ကေတယူမယ် ဆိုရင်တောင် လေးစားဖွယ်ဖြစ်သေးသည်။ ကိုယ်ယုံကြည်ရာလမ်းကို ကိုယ့်မူကိုယ့်အယူဖြင့် ဖောက်တတ်သော ရှာမှရှားသည့် နိုင်ငံရေးသမားများဖြစ်စေချင်သည်။ အခုဟာက မရှာရဘဲနဲ့ကို ရှားနေသည်။ ရှားသည်။ ရှားပါစေ။ ဤသို့သော အမတ်မင်းဖြစ်ပြီးရော ဆိုသူများ ကျမတို့တိုင်းပြည်တွင် ရှာလည်းရှား မရှာလည်း ရှားပါစေဟုသာ ကျမ ဆုတောင်းနေမိသည်။

×××××××××××

ကျမတို့ ဗကသများအဖွဲ့ချုပ်နှင့် တိုက်ရိုက်ပတ်သက်နေသောဘက်သို့ လှည့်ချင်ပါသေးသည်။ ၂၀၁၀ မေလဆန်းပိုင်းက ၈၈-မျိုးဆက်အရေးခြုံ ဦးအေးလွင်၊ ဦးရဲထွန်းတို့ ညီအကိုတွေ ပါတီထောင်ရာတွင် ပါတီအလံ နှင့် တံဆိပ်များမှာ ၎င်းတို့ထုံးစံအတိုင်း ရိုးသားမှုမရှိဘဲ သမိုင်းအစဉ်အလာကြီးမားသော တိုက်ပွဲဝင် အလံတော်များကို ဆင်တူယိုးမှားသာမက စွပ်ချွတ်တူ အလွဲသုံးစားပြုထားသည့်အပေါ် တဦးတဖွဲ့ချင်းသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ပြည်တွင်းပြည်ပမှ တခဲနက်ဝိုင်းပြီး ဆွမ်းကြီးလောင်းလိုက်သည့်အဖြစ်ကို မှတ်တမ်းတင်လိုစိတ်ဖြင့် ဤဆောင်းပါးကို ရေးမိပါသည်။ ကျမတို့ ဗကသများအဖွဲ့ချုပ်၏



ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။

သမိုင်းဝင်၊ တိုက်ပွဲဝင် ခွပ်ဒေါင်းအလံတော်ကို ယခုကဲ့သို့ နိုင်ငံရေးပါတီတခုက တိုက်ရိုက်ပုံတူ ယူငင် သုံးစွဲခြင်းအပေါ် ကျမတို့တတွေ လက်နှေးမနေဘဲ ၂၀၁၀ မေလ ၆ ရက်နေ့က ကြေညာချက်အမှတ် ၁/၂၀၁၀ ဖြင့် ပြတ်ပြတ်သားသား ကန့်ကွက်ရှုတ်ချခဲ့ပါသည်။

ထိုသို့ကန့်ကွက်ရာတွင် "*ခွပ်ဒေါင်းအလံသည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ လုံးဝလွတ်လပ်ရေးကာလတလျှောက် ပြည်သူလူထုဘက်မှ မားမားမတ်မတ် ရပ်တည်ကာ လူထုတိုက်ပွဲ၊ ကျောင်းသားထုတိုက်ပွဲများတွင် ရှေ့ဆုံးမှ တလူလူလွင့်ချီတက်ခဲ့သည့် တိုက်ပွဲဝင်ခွပ်ဒေါင်းအလံဖြစ်ပါသည်။ လွတ်လပ်ရေးရပြီးနောက်မှစ၍ ယနေ့အချိန်ထိလည်း မြန်မာပြည်သူတို့၏ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် စစ်အာဏာရှင်စနစ် အမြစ်ပြုတ်ရေးတို့အတွက် ရှေ့တန်းကတိုက်ပွဲဝင်နေသော ကျောင်းသားသမဂ္ဂများ၏ တပ်ဦးအလံဖြစ်ပါသည်။ ခွပ်ဒေါင်းအလံသည် ၁၉၆၀ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အဦတွင် ကျင်းပခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ ဆဌမအကြိမ် နိုင်ငံလုံးဆိုင်ရာညီလာခံမှ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ တရားဝင်အလံဖြစ်ကြောင်း ညီလာခံတက်ရောက်လာသော ကျောင်းသားကိုယ်စားလှယ်များ အားလုံးက တခဲနက် အတည်ပြုပြဋ္ဌာန်းခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်၏ တရားဝင် ခွပ် ဒေါင်းအလံအား လေးစားဂုဏ်ယူ၍ဖြစ်စေ၊ အဆင့်နိမ့် ယုတ်လျော့စေလိုသော ရည်ရွယ်ချက်ဖြင့်ဖြစ်စေ၊ ပါတီ အဖွဲ့အစည်းတခု၏ အကျိုးစီးပွားအတွက်ဖြစ်စေ မည်သူမျှ မိမိပါတီအဖွဲ့ အစည်း၏အလံအဖြစ် သတ်မှတ်သုံးစွဲ ခွင့်မရှိပါ။*" ဟု ဖော်ပြပါရှိပါသည်။

ကျမတို့တင်မက မောင်ငယ် ညီမငယ်များရဲ့ အခြေခံပညာကျောင်းသားများသမဂ္ဂကလည်း ကျမတို့နှင့် တရက်တည်း ကြေညာချက်ထုတ် ကန့်ကွက်ခဲ့ပါသည်။ ၎င်းတို့၏ ကြေညာချက်တွင် "*ကိုမင်းကိုနိုင်ဦးဆောင်သည့် ၈၈ မျိုးဆက်ကျောင်းသား များအဖွဲ့၏အမည်ကို ဆင်တူယိုးမှား ခိုးယူထားသည့် ဦးရဲထွန်းတို့၏ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)သည် ကိုယ့်ကိုယ်ကို ယုံကြည်လျှင် ကိုယ်ပိုင်အလံ ကိုယ်ပိုင်တံဆိပ်တုံးတို့ကို တီထွင်အသုံးပြုနိုင်ပါသည်။ ယခုကဲ့သို့ သမိုင်းအစဉ် အလာကြီးမားသည့် ကျောင်းသားသမဂ္ဂများ၏ တိုက်ပွဲဝင်အလံကို ခိုးယူသုံးစွဲခြင်း လုံးဝမပြုလုပ်သင့်ပါ* "ဟု ရိုးရိုးရှင်းရှင်း ထောက်ပြထားပါသည်။ ထိုမျှတင်မက အခုလိုကန့်ကွက်သည်ကို လစ်လျူ ရှုကာ ဆက်လက်သုံးစွဲနေမည်ဆိုလျှင် ဦးရဲထွန်းနှင့်အပေါင်းပါများသည် အလွဲသုံးစားပြုခြင်းအကျိုးဆက် သမိုင်း၏ဒဏ်ခတ်ခြင်းကို ခံစားရလိမ့်မည်ဟုလည်း သတိပေးထားပါသည်။

×××××××××××

ကျမတို့ ကျောင်းသားသမဂ္ဂများက မည်သို့ပင် ကန့်ကွက်စေကာမူ တဘက်တွင် ကန့်ကွက်လိုသူများက ၇- ရက်အတွင်း ကြပ်ပြေးနေပြည်တော်သို့ လာရောက်တင်သွင်းရမည်ဟု မတရားရွေးကောက်ပွဲကော်မရှင်က ကြေညာထားတာတခုရှိသည်။ ကျမတို့သမဂ္ဂများမှာ လျှို့ဝှက်လှုပ်ရှားနေရသော အဖွဲ့ အစည်းများဖြစ်သောကြောင့် သွားရောက်ကန့်ကွက်ရန် မည်သို့မျှ မဖြစ်နိုင်။ ၇- ရက်ကလည်းပြည့်တော့မည်။ ဘယ်သူတွေကများ အသိစိတ်ရှိရှိ တာဝန်ယူကာ တရားဝင် သွားရောက်တိုင်ကြားမလဲဆိုပြီး ရတက်မအေး

မျှော်လင့်နေချိန်မှာဘဲ သတင်းမီဒီယာများမှ ကြားလိုက်ရသည့်သတင်းက ကျမတို့သူငယ်ချင်းတစုကို တကယ်ပင် ထခုန်ကာ လက်ခုပ်တီးဖြစ်သည်အထိ ဝမ်းသာအားတက်သွားစေပါသည်။

ထိုသတင်းကား ဝါရင့် နိုင်ငံရေးသမားကြီးများ၊ ယခင်ကျောင်းသားသမဂ္ဂခေါင်းဆောင်ကြီးများ၊ စာနယ်ဇင်းဆရာများ၊ ကဗျာဆရာ စာရေးဆရာများ၊ ရုပ်ရှင် သရုပ်ဆောင်နှင့် ဒါရိုက်တာများ၊ အဆိုတော်များ၊ ကျောင်းသားလူငယ်များ စသည့်စသည့် နံမည်ကျော် ပုဂ္ဂိုလ်များက တိုင်းသိပြည်သိ စုပေါင်းလက်မှတ်ထိုးကာ ကော်မရှင်သို့ ကန့်ကွက်စာတင်လိုက်ပြီ ဆိုသည့် သတင်းပါဘဲ။ ဆရာဒဂုန်တာရာ၊ လူထုဦးစိန်ဝင်း၊ ဆရာဇော်ဇော်အောင်၊ ဒါရိုက်တာမောင်မိုးသူ၊ ဒါရိုက်တာချိုတူးဇော်၊ ရုပ်ရှင်သရုပ်ဆောင်ကိုကျော်သူ၊ ဆရာမောင်ဝံသတို့ရဲ့ အင်တာဗျူးတွေကို အားရပါးရ နားဆင်ရသည်။ ဆရာဇော်ဇော်အောင်ရဲ့ မှတ်ချက်စကားက တော်တော်ထိသည်။ မှတ်မိသလောက်ပြန်ပြောရရင် “*လူတယောက်တဖွဲ့က ပိုင်တာမဟုတ်၊ သမိုင်းကပိုင်တာ။ တခုဘဲပြောချင်တာက ကိုယ်ပိုင်အစွမ်းသတ္တိနဲ့ မရပ်တည်ဘဲနဲ့ အစဉ်အလာရှိတဲ့ သမိုင်းကြီးတဲ့ အစွမ်းသတ္တိကို ယူလုပ်လိုက်တာဟာ သိပ်မကောင်းဘူးထင်တယ်။ စက်ဆုတ်စရာလို့ထင်တယ်* ”တဲ့။ နောက်တော့ ကော်မရှင်တင်သည့် မိတ္တူစာ ထွက်လာသည်။

လက်မှတ်ထိုးသူများထဲတွင် သမဂ္ဂခေါင်းဆောင်ကြီး ဦးလှရွှေ၏ လက်မှတ်ကိုလည်းတွေ့ရသည်။ ကဗျာဆရာ မောင်စိမ်းနီ၊ ကာတွန်းဇော်မောင်၊ ဆရာသစ္စာနီ၊ ဆရာမောင်သွေးသစ်၊ ဟစ်ဟော့အဆိုတော် အနဂ္ဂ၊ ရန်ရန်ချမ်း၊ ဒါရိုက်တာ မင်းထင်ကိုကိုကြီး တို့လည်း ပါသည်။ စာရင်းအရ အားလုံး ၉၂ ယောက်။ အားချင်း နီးစပ်ရာ အချိန်မီအောင် ဆောင်ရွက်ရသည်မို့ ပါချင်ပေမယ့် မပါလိုက်ရသူတွေ အားတက်သရော တပုံတပင်ကြီးရှိသေးကြောင်း ကျမတို့ နောက်မှသိရသည်။ ကန့်ကွက်စာတွင် “*မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းနှင့် အမျိုးသားနိုင်ငံရေး ဖြတ်သန်းမှုများ၏ ပြယုဂ်ဖြစ်သော ထိုအလံ ထိုအမှတ်တံဆိပ်များကို ပါတီနိုင်ငံရေး အဖွဲ့အစည်းတရပ်ရပ်အား အသုံးပြုခွင့် ပေးလိုက်မည်ဆိုပါလျှင် နောင်အစဉ်အဆက် ကျနုပ်တို့၏ သားသမီးမြေးမြစ် နောင်လာနောက်သား များအတွက်သာမက၊ မြန်မာ့သမိုင်းကို လေ့လာနေသော နိုင်ငံတကာ သမိုင်းပညာရှင်များ အလယ်တွင်ပါ သမိုင်းတန်ဘိုး ကျဆင်းထိ ခိုက်သွားပါလိမ့်မည်။*” ဟု အမြော်အမြင်ရှိရှိ သုံးသပ်ပြထားသည်ကို တွေ့ရသည်။

×××××××××××××

ကန့်ကွက်မှုများနှင့် ပတ်သက်၍ သတင်းမီဒီယာများက ဦးရဲထွန်းအားမေးရာတွင် ၎င်းက ခွပ်ဒေါင်း အလံဟာ ဘယ်တုန်းကမှ ကျောင်းသားသမဂ္ဂရဲ့ တရားဝင် တံဆိပ်မဖြစ်ခဲ့ကြောင်း အပါအဝင် အကြောင်း ယုတ္တိမည်မည်ရ ဘာတခုမှမရှိသောစကားများကို အရှက်မရှိ အရှူးချီးပန်း ပြန်ပြောခဲ့သည်ကို ကြားခဲ့ရသည်။ လေ့လာမှုအား အတော်နည်းသည်မှာ ဘူးပေါ်သလိုပေါ်နေသည်။ ထို့အပြင် အစဉ်အလာကြီး သော လူကြီးသူမများကိုပင် မိုက်မိုက်ရိုင်းရိုင်း စော်ကားသည့်စကားများကိုလည်း ဦးရဲထွန်းပါးစပ်က ပြောထွက်သည်။ သိပ်တော့မဆန်း။ စကားထဲက ဇာတိပြ။ မစင်က မစင်နံ့ဘဲ ထွက်တတ်သည် မဟုတ်လား။ ကန့်ကွက်မှုများကြောင့် ကော်မရှင်က မူလအတိုင်း ခွင့်မပြုသည့်အခါ ဦးရဲထွန်းတို့ ညီအကိုများက ကျမတို့ ခွပ်ဒေါင်းအလံကို ဆင်တူယိုးမှား ဖာထေးဖြတ်ဆက်ကာ ဆက်သုံးသည်။ ရှိစေအုံးတော့။ သူတို့လည်ပင်းမှာ



ယကြားအဆောင်အယောင်တခုလို တရမ်းရမ်းချိတ်ဆွဲထားသည့် စစ်ဘွတ်ဖိနပ်ကြီးက သူတို့အတွက် အားကိုး ဖြစ်နေသေးသည်မဟုတ်လား။ သမိုင်းစဉ်ဆက် တိုက်ပွဲတလျှောက်တွင် အသက်ပေးလှူသွားခဲ့ကြသည့် ခွပ်ဒေါင်းတို့၏ သွေးသစ္စာနှင့် သမိုင်း၏ကျိန်စာက မဝေးတော့သည့် တချိန်တွင် ဒေါင်းယောင်ဆောင်သော ကျီးများအား ကောင်းကောင်းကြီးဒဏ်ခတ်ပေလိမ့်မည်။ ဖောက်ပြန်ရေးသမား တို့၏ အောက်ကလိ အာသံဖြင့်တော့ အိုးဝေသီချင်းကို သီကျူးနိုင်လိမ့်မည်မဟုတ်ပေ။ ။

(ခွပ်ဒေါင်းအလံ အလွဲသုံးစားလုပ်မှုအပေါ် မဆိုင်သလို မျက်နှာလွှဲမနေကြဘဲ တာဝန်သိသိ ရဲရင့်ပြတ်သားစွာ စုပေါင်း လက်မှတ်ထိုး၍ ကန့်ကွက်လွှာတင်သွင်းခဲ့ကြကုန်သော ကဗျာစာပေ ၊ ရုပ်ရှင် ဂီတ၊ ပန်းချီ ကာတွန်း အနုပညာရှင်များနှင့် နယ်ပယ်အသီးသီးမှ ကျောင်းသားပြည်သူများအား ဤဆောင်းပါးဖြင့် လေးစားစွာ ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။)

နော်အက်စ်တာ

(ဗကသများအဖွဲ့ချုပ်)




(မေလ ၂၈၊ ၂၀၁၀ ခုနှစ်(သောကြာနေ့)ထုတ် အမှတ်(၂၀၉) မော်ဒန်ဂျာနယ်မှ
ကာတွန်းအား ပြန်လည်ကူးယူဖော်ပြပါသည်။)




စစ်အုပ်စုရဲ့ အဓမ္မရွေးကောက်ပွဲကာလကတော့ ကျနော်တို့နဲ့ လက်တကမ်းအလိုကို ရောက်လာပါပြီ။ ကျနော်တို့အနေနဲ့ ဘယ်လိုဖြတ်သန်းကြမလဲဆိုတဲ့ အတွေးအခေါ်ကလည်း အမျိုးမျိုး ဝိဝါဒကွဲပြားနေတဲ့အချိန်ကာလပါပဲ။ ပြီးတော့ ဒါဟာ သမိုင်းတခုလည်း ဖြစ်နေပါတယ်။

ကိုလိုနီခေတ်မှာ ၉၁ ဌာနအုပ်ချုပ်ရေး၊ ဒိုင်အာခီ၊ ဟုမ္မရူး စတာတွေကို အဲဒီအချိန်က ခေါင်းဆောင်တွေ ဘယ်လို ဖြတ်သန်းရင်ဆိုင်ခဲ့ကြသလဲဆိုတာ သမိုင်းတွေ ကျန်ခဲ့သလိုပါပဲ၊ အခုလည်း ဘယ်သူတွေ ဘယ်လို ရင်ဆိုင်ဖြတ်သန်းကြမလဲဆိုတာ သမိုင်းသစ်တခုဖြစ်လာမှာပါ။ အခြေအနေချင်း မတူပေမယ့် ရည်ရွယ်ချက်ချင်းကတော့ အတူတူပါပဲ။ ဒီကာလမှာလည်း စစ်ကျွန်ဘဝကို တရားဝင် သွတ်သွင်းခြင်းပါပဲ။ ဒါတွေနဲ့ပတ်သက်ပြီး ကျနော်တို့ရဲဘော်တွေကြားမှာ အမြင်ရှင်းစေချင်တဲ့သဘောနဲ့ တင်ပြတာပါ။ ဒီတင်ပြချက်မှာ အားနည်းချက်တွေ ရှိနိုင်ပါတယ်။ အဲဒါတွေကိုလည်း ရဲဘော်တွေကပဲ ဝိုင်းဝန်းဖြည့်ဆည်းပေးစေချင်ပါတယ်။

## ၁။ Something is better than nothing

ဒီစကားကကို နိုင်ငံခြားသားတွေဆီက ကြားရတတ်ပါတယ်။ ဘာမှမရတာ ထက်စာရင် နည်းနည်းလေးရတာက ပိုမကောင်းဘူးလားလို့ ပြောတတ်ကြပါတယ်။ ဗမာပြည်အရေးကို စိတ်ဝင်တစားရှိတဲ့ နိုင်ငံခြားသားများလည်း အဲလိုအမြင်ရှိကြတာကို တွေ့နေရပါတယ်။ ပြည်တွင်းမှာလည်းရှိပါတယ်။

၂၀၁၀ ရွေးကောက်ပွဲလွန်ကာလမှာတော့ အဲဒီလို မဟုတ်ပါဘူး။ ကျနော်တို့က ရပ်ကွက်ထဲက လူမိုက်ကို တရားဝင် ပါးရိုက်ခွင့်၊ လုယက်ခွင့်၊ မိုက်ရိုင်းစော်ကားခွင့် ပေးလိုက်သလို ဖြစ်သွားမှာပါ။ တခုခု

ရှိနေတဲ့ဘဝကနေ ဘာမှကို မရှိတော့တဲ့ဘဝကို ရောက်သွားမှာပါ။ ၂၀၁၀ အလွန်ကာလတွေမှာ ခုရှိနေတဲ့ NLD ရဲ့ ရပ်တည်မှုတွေ နောက် နာရေးကူညီမှု အသင်းလိုမျိုးဟာတွေတောင် ဖျောက်ဖျက် ပစ်လိုက်နိုင်ပါတယ်။ ကျိန်းသေတာကတော့ စစ်အုပ်စုဟာ သူတို့ အာဏာတည်မြဲဖို့ကလွဲလို့ လူထုကို နည်းနည်း လေးပေးဖို့လည်း စိတ်မဝင်စားဘူး။ များများပေးဖို့လည်း စိတ်မဝင်စားပါဘူး။ နေဝင်း ဆိုရှယ်လစ် စကားပြောတုန်းကလည်း ဒီလိုပဲ မျှော်လင့်ခဲ့ကြဘူးတယ်လို့ သမိုင်းတွေအရ သိခဲ့ကြရပြီးပါပြီ။

ကျိန်းသေတာတခုကတော့ ပြည်သူ လူထုကို နည်းနည်း လောက်ပေးချင်လို့ ၂၀၁၀ ကို ကျင်းပတာမဟုတ်ပါဘူး။ စစ်အုပ်စုက ကြည့်ကောင်းအောင် အရေခွံလဲတာပါ။

စစ်အုပ်စုရဲ့ သဘောသဘာဝက အဝေးကြီး မျှော်ကြည့်နေစရာမလိုပါဘူး။ (အာဏာလွှဲပြောင်းရေးတွေ၊ ကြားဖြတ်အစိုးရတွေ ဘာမှမပါဘဲ) အမျိုးသားပြန်လည် သွေးစည်းညီညွှတ်ရေးဆိုတဲ့ ခေါင်းစဉ်တခုထဲအောက်မှာပဲ လှုပ်ရှားခဲ့ကြတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တွေကိုတောင် နှစ်ရှည်ထောင်ဒဏ် တွေချပြီး တကယ့်ကို ဝေးလံသီခေါင်တဲ့ ထောင်တွေကို ပို့လိုက်တာပါ။ ဒါ့အပြင် ဒီပဲယင်းနောက် ၂၀၀၇ ရွှေဝါရောင်စတာတွေမှာ ဘယ်လိုမိုက်ရိုင်းစော်ကားခဲ့ကြသလဲဆိုတာကို မမေ့လိုက်ကြပါနဲ့။ အဲဒါတွေက စစ်အုပ်စုရဲ့ တကယ့်သရုပ်မှန်တွေပါပဲ။ နေဝင်း ဆိုရှယ်လစ်စကား ပြောတုန်းကလည်း ခုလိုပဲ နည်းနည်းတော့ရမလားလို့ မျှော်လင့်ခဲ့ကြတဲ့အတွက် ခါးသည်းတဲ့ဘဝတွေကို ရခဲ့ကြပြီးပါပြီ။ ကျိန်းသေတာတခုကတော့ ပြည်သူလူထုကို နည်းနည်းလောက်ပေးချင်လို့ ၂၀၁၀ ကို ကျင်းပတာမဟုတ်ပါဘူး။ စစ်အုပ်စုက ကြည့်ကောင်းအောင် အရေခွံလဲတာပါ။

## ၂။ NLD ရဲ့ အနေအထား

NLD ဆိုတာ စစ်အုပ်စုရဲ့ မဟာပြိုင်ဘက်အခုအနေနဲ့ နှစ်ပေါင်းများစွာရပ်တည်လာခဲ့တဲ့ အဖွဲ့အစည်းတခုပါ။ ကမ္ဘာ့နေရာအနှံ့၊ ဗမာပြည်နေရာအနှံ့မှာလည်း သူတို့အဖွဲ့ဝင်တွေရှိသလို နိုင်ငံတကာအသိအမှတ်ပြုခံ အဖွဲ့အစည်းလည်း ဖြစ်ပါတယ်။ ပြည်သူတွေကိုယ်တိုင်က ရွေးချယ်တင်မြှောက်လိုက်တဲ့ အဖွဲ့ကြီးလည်းဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဦးတင်ဦး စတဲ့ ခေါင်းဆောင်တွေလည်း ရှိပါတယ်။

ဒါပေမယ့် ကျနော့်အမြင်ပြောရရင် NLD ဟာ လွန်ခဲ့တဲ့ကာလတွေမှာ စစ်အုပ်စုရဲ့ တကယ့်ပြိုင်ဘက်သဖွယ် မရပ်တည်ခဲ့ပါဘူး။ ပြိုင်ဘက်ကောင်းတွေမှာ ရှိရမယ့် အရည်အချင်းနဲ့ လုပ်ရမယ့် အလုပ်တွေကိုလည်း လစ်လျူရှုခဲ့ကြပါတယ်။ အတိုက်အခံအင်အားစုလို့သာ နာမည်ခံထားပေမယ့် ကြီးကြီးမားမား ဘာအတိုက်အခံမှ မလုပ်နိုင်ခဲ့ပါဘူး။ ပြည်တွင်းမှာလှုပ်ရှားမှုတခုဖြစ်ပြီဆိုတာနဲ့(အဲဒီအချိန်မှာ အုပ်စည်းထားတဲ့) NLD ခေါင်းဆောင်တချို့က “ ဒါဟာ အဆုံးအဖြတ်တိုက်ပွဲမဟုတ်ဘူး၊ စစ်အုပ်စုက ငါတို့ကို မတရား အသင်းကြေညာချင်နေတာ၊ ဒီလှုပ်ရှားမှုထဲကို ဝင်လိုက်တာနဲ့ စစ်အုပ်စုရဲ့ ထောက်ချောက်ထဲကို

ရောက်သွားပြီ။ ဒါဆို စစ်အုပ်စု အလိုကျ ဖြစ်သွားပြီ။ ဒီတော့ တတ်နိုင်ရင် ဒီလှုပ်ရှားမှု တွေနဲ့ မပတ်သက်ကြနဲ့"ဆိုတဲ့စကားပါ။ အဲဒီလိုနဲ့ပဲ ၈၈ မျိုးဆက်တွေရဲ့ လမ်းလျှောက်ပွဲ၊ သမိုင်းတွင်ခဲ့တဲ့ ရွှေဝါရောင်၊ လှိုင်သာယာ၊ အင်းစိန်စက်မှုဇုံတွေရဲ့ အလုပ်သမားသပိတ် စတဲ့ ဆန္ဒပြပွဲတွေကို သူတို့နဲ့ မဆိုင်သလို နေခဲ့ကြပါတယ်။ အဲလိုဖြစ်သွားတာကမှ တကယ့် စစ်အုပ်စုရဲ့ ထောက်ချောက်ထဲကို ရောက်သွားတာပါ။

ပြည်သူတွေရဲ့ လှုပ်ရှားမှုတွေမှာ မပါဝင်ခဲ့တဲ့အတွက် လူထုနဲ့လည်း တဖြည်းဖြည်း ဝေးကွာ လာနိုင်ပါတယ်။ ဒါက ကျနော်တို့ပါ သင်ခန်းစာယူကြဖို့ ဆွေးနွေးကြည့်တာပါ။

ဒါပေမယ့် အဲလိုဖြတ်သန်းနေတဲ့အချိန်မှာပဲ ၂၀၁၀ ရွေးကောက်ပွဲအပေါ် သဘောထားနဲ့ ပတ်သက်ပြီး NLD ရဲ့ဆုံးဖြတ်မှုဟာ အရေးကြီးတဲ့ သမိုင်းစာမျက်နှာတခုကို ရေးသားနိုင်ခဲ့ပါတယ်။ လူထုကို ကိုယ်စား ပြုနိုင်ခဲ့တဲ့ သမိုင်းဝင် ဆုံးဖြတ်ချက်ကို ချမှတ်နိုင်ခဲ့ပါတယ်။

ခုချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှု၊ အကြံပေးမှု၊ ပြီးတော့ NLD ရဲ့ ခေါင်းဆောင်တွေရဲ့ ရဲရင့် ပြတ်သားမှုနဲ့အတူ စစ်အုပ်စုရဲ့ ထောင်ချောက်ထဲကနေ ရုန်းထွက်လာတာကို တွေ့ရပါတယ်။ ဒီလိုဖြစ်သင့်နေတာလည်း ကြာပါပြီ။ ဒါကို ကျနော်တို့က ဝိုင်းဝန်း အားဖြည့်ရမယ်၊ ထောက်ခံရမယ်၊ ပံ့ပိုး ကူညီကြရပါမယ်။

ခုချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှု၊ အကြံပေးမှု၊ ပြီးတော့ NLD ရဲ့ ခေါင်းဆောင်တွေရဲ့ ရဲရင့်ပြတ်သားမှုနဲ့အတူ စစ်အုပ်စုရဲ့ထောင်ချောက်ထဲကနေ ရုန်းထွက်လာတာကို တွေ့ရပါတယ်။ ဒီလို ဖြစ်သင့်နေတာလည်း ကြာပါပြီ။ ဒါကို ကျနော်တို့က ဝိုင်းဝန်းအားဖြည့်ရမယ်၊ ထောက်ခံရမယ်၊ ပံ့ပိုး ကူညီကြရပါမယ်။ လူထု ဦးဆောင်ပါတီဟာ လူထုနဲ့တသားတည်းဖြစ်နေဖို့ လိုပါတယ်။ ဒီတော့ ကျနော်တို့ရဲဘော်တွေဟာ မိမိရောက်ရှိရာနေရာကနေ မှန်ကန်တဲ့ဆုံးဖြတ်ကို ချမှတ်နိုင်ခဲ့တဲ့ NLD နဲ့ လက်တွဲလို့ ရနိုင်သမျှအလုပ်တွေကို တွဲလုပ်ဖို့ အလိုအပ်ဆုံးအချိန်ပါပဲ။

### ၃။ ဗကသများအဖွဲ့ချုပ် (မိမိတို့အခြေအနေ)

၂၀၀၇ အလွန်ကာလမှာ ဗကသများအဖွဲ့ချုပ်အနေနဲ့ အင်အားမကောင်းခဲ့ပေမယ့် အခုကာလမှာ တစုံတရာ ကောင်းမွန်တဲ့အနေအထားတခုကို ပြန်ပိုင်ဆိုင်လာပါပြီ။ အခု လက်ရှိကာလတွေမှာ ဗကသများအဖွဲ့ချုပ်အနေနဲ့ လှုပ်ရှားမှုတချို့နဲ့ အလုပ်ကွန်ယက်တချို့ကို ဖော်ဆောင်နိုင်ခဲ့ပါပြီ။ ဒ့ါအပြင် အခြားမဟာမိတ်အဖွဲ့တွေနဲ့လည်း ချိတ်ဆက်လှုပ်ရှားနေပါတယ်။

ဒီနေရာမှာ ကျနော်တို့ရဲဘော်တွေ အားသွန်ခွန်စိုက် လုပ်ဆောင်ကြဖို့ လိုတာရှိပါတယ်။ ပြန့်ကြဲနေတဲ့ကျောင်းတွေ (ဥပမာ- ဒဂုံတက္ကသိုလ်၊ သံလျှင် ဂျီတီစီ၊ မှော်ဘီ ဂျီတီစီ၊ ရန်ကုန်တက္ကသိုလ်၊ ဝိုင်အိုင်တီ၊ အဝေးသင်ကျောင်းသားတွေ) စတာတွေကို ပေါင်းစည်းပေးနိုင်မှုမှာ အားနည်းနေပါသေးတယ်။ သူ့ဟာသူ ရှိနေတယ်ဆိုပေမယ့် တကယ်တမ်း တိုက်ပွဲတခု ဖော်ဆောင်ရပြီဆိုရင် အချိန်တိုတိုအတွင်းမှာ တသားတည်း

ကျပြီး တသံတည်းထွက်ဖို့ အရေးကြီးပါတယ်။ အဲဒါတွေလိုအပ်တဲ့ ပြင်ဆင်လှုပ်ရှားမှုတွေကို ဆတက်ထမ်းပိုး လုပ်ဆောင်သွားကြရပါလိမ့်မယ်။

> လူထုအပေါ်မှာ ကျနော်တို့ယုံကြည်ဖို့ လိုပါတယ်။ ၁၉၈၈၊ ၁၉၉၀ ရွေးကောက်ပွဲ၊ ၂၀၀၇ စတဲ့ လှုပ်ရှား မှုတွေထဲမှာ လူထုဟာ နောက်ကျ မနေခဲ့ပါဘူး။ စစ်အုပ်စုက အင်အားသုံးပြီး ဖြိုခွဲနေတဲ့ကြားထဲက လူအများစုဟာ လမ်းမပေါ်ထွက်ပြီး သူတို့ရဲ့ လိုအပ်ချက်လိုလားချက်တွေကို တောင်းဆိုခဲ့ကြပါတယ်။

### ၄။ အခြားမှတ်ပုံတင်ပါတီအဖွဲ့အစည်းများနှင့် ပတ်သက်သော သဘောထား

ဒီနေရာမှာ ရဲဘော်တချို့က မေးနေကြတဲ့မေးခွန်းတချို့ ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်တယ်ဆိုရင် မှတ်ပုံတင်ပါတီအားလုံးကို မဟာမိတ်သဘောထားလို့ မရတော့ဘူးဆိုတဲ့အမြင်ပါ။ မှတ်ပုံတင်ပါတီတွေထဲက တချို့ပါတီတွေဟာ ကျနော်တို့ရဲ့ မဟာမိတ်တွေပါ။ သို့သော် ယခုအခြေအနေမှာ သူတို့ကို မထောက်ခံနိုင်တော့ပါဘူး။

ဘာလို့လဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီရဲ့ သမိုင်းဝင်၊ သမိုင်းတွင်မယ့် ပါတီမှတ်ပုံမတင်ရေး(၂၀၁၀ အယုံအကြည်မရှိ) ဆိုတဲ့အပေါ်မှာ ပြတ်ပြတ်သားသား ရပ်ဖို့လိုအပ်နေပါပြီ။ ကျနော်တို့တွေအနေနဲ့ ဒီအချိုးအကွေ့ကို မှန်မှန်ကန်ကန် ဖြတ်သန်းနိုင်ဖို့ အရေးကြီးပါတယ်။

ကျနော်တို့ရဲ့ အဓိကထောက်ခံရမယ့်မူနဲ့ လုပ်ဟန်က ၂၀၁၀ ဆန့်ကျင်ရေးဖြစ်တဲ့အတွက် သူတို့(မှတ်ပုံတင်ထားတဲ့ မဟာမိတ်ပါတီတချို့)ကို အခြေအနေအရ လစ်လျူရှုရမှာပါ။

### ၅။ ပြည်သူလူထုအခြေအနေ

ကျနော်ဆွေးနွေးချက်တခုထဲမှာ ဖတ်လိုက်ရပါတယ်။ ပြည်ပက မေးတဲ့ မေးခွန်းတခုပါ။ အဲဒါက ဘာလဲဆိုတော့ 'လူထုဟာ အရမ်းကြောက်တယ်။' နောက်တခုကတော့ 'လူထုဟာ မခံမရပ်နိုင်အောင် ဖြစ်နေကြပြီ။' ဆိုတဲ့အထဲက ဘယ်ဟာအမှန်လဲဆိုတဲ့ မေးခွန်းပါ။ ကျနော့်အနေနဲ့ ပြောရမယ်ဆိုရင် နှစ်ခုစလုံး မှန်ပါတယ်။ လက်ရှိလူထုရဲ့ စားဝတ်နေရေး ရုန်းကန်လှုပ်ရှားမှုတွေဟာ အတော့်ကို ဆိုးရွားပါတယ်။ ဒီကြားထဲမှာမှ မီတာခ၊ ကားခ၊ ကျောင်းစားရိတ်၊ ကျန်းမာရေးစားရိတ် စတာတွေနဲ့ ထုထောင်းလိုက်တဲ့အခါမှာ အတော့်ကို ဆင်းရဲမွဲတေနေကြပါတယ်။ လှိုင်သာယာ၊ ရွှေလင်ပန်းမှာရှိတဲ့ အသုဘအိမ်တအိမ်ကို ကျနော်နဲ့ ရဲဘော်တချို့ရောက်သွားတော့ မသာအတွက် စားမြိန်ထုတ်တောင် မတင်နိုင်ရှာပါဘူး။ သူတို့မိသားစုထဲက နှစ်ယောက်က မြေကြီးပေါ် ဆင်းအိပ်ရပါတယ်။ ကျနော်တို့ ငှားသွားတဲ့တက္ကစီမောင်းသမားတောင်မှ သူ့ကိုလုမှာကြောက်လို့ ထွက်ပြေးသွားပါတယ်။ အဲဒီလောက်တောင် ဆင်းရဲပါတယ်။ ဒါဟာ တကယ့်ဖြစ်ရပ်ပါ။ သူတို့မိသားစုတခုထဲတင်မဟုတ်ပါဘူး၊ အားလုံးဖြစ်နေကြတာပါ။ သူတို့မှာ အချိန်ပြည့် နာကျည်းမှု ပေါက်ကွဲမှုတွေ ရှိနေပါတယ်။ ဒါပေမယ့် စစ်အုပ်စုကို ဦးတည်တဲ့ ပေါက်ကွဲမှုမျိုး မဟုတ်ပါဘူး။ အချိန်ပြည့်

ဖေါက်ထွက်ဖို့လည်း စဉ်းစားနေကြပါတယ်။ ဒါပေမယ့် လူထုဆန္ဒပြပွဲနဲ့ မဟုတ်ပါဘူး။ အဲဒါကို သဘောပေါက်ဖို့ အရေးကြီးပါတယ်။ ကျနော်တို့က သူတို့ဒေါသတွေ၊ နာကျည်းမှုတွေကို တရားခံ အစစ်အမှန်ဖြစ်တဲ့ စစ်အုပ်စုဘက်ကို ဦးတည်ပေးနိုင်ရပါမယ်။ သူတို့ကို အဲဒီလို နိုင်ငံရေးဦးဆောင်မှု မပေးနိုင်သရွေ့ကတော့ သူတို့ကလည်း တော်လှန်ရေးထဲ စီးမျောလာမှာ မဟုတ်ပါဘူး။ ဒါက ကျနော်တို့ စွမ်းစွမ်းတမံ ဆောင်ရွက်ရမယ့်အပိုင်းပါ။

နောက်တခုက လူထုအပေါ်မှာ ကျနော်တို့ ယုံကြည်ဖို့လိုပါတယ်။ ၁၉၈၈၊ ၁၉၉၀ ရွေးကောက်ပွဲ၊ ၂၀၀၇ စတဲ့ လှုပ်ရှားမှုတွေထဲမှာ လူထုဟာ နောက်ကျမနေခဲ့ပါဘူး။ စစ်အုပ်စုက အင်အားသုံးပြီး ဖြိုခွဲနေတဲ့ကြားထဲက လူအများစုဟာ လမ်းမပေါ်ထွက်ပြီး သူတို့ရဲ့ လိုအပ်ချက် လိုလားချက်တွေကို တောင်းဆိုခဲ့ကြပါတယ်။ ဒါပေမယ့် နိုင်ငံရေးဦးဆောင်သူတွေ အနေနဲ့ သူတို့ရဲ့လိုလားချက်တွေကို အခုအချိန်အထိ ရယူမပေးနိုင်သေးပါဘူး။ ဒါ ကျနော်တို့ရဲ့ အားနည်းချက်ပါ။ ဒါကို သင်ခန်းစာယူပြီး နောက် ဒီလို မဖြစ်အောင် ကြိုတင်ပြင်ထားရပါမယ်။ တကယ်တော့ မြန်မာပြည်သူလူထုဟာ ညံ့တဲ့အထဲမှာ မပါပါဘူး။

ပြီးတော့ အခုလက်ရှိအခြေအနေအရ ပေါက်ကွဲမှုတွေဟာ ဘယ်နေရာကမဆို ဖြစ်လာနိုင်တဲ့ အတွက် ရဲဘော်တို့အနေနဲ့ အသင့်ပြင်ထားကြရပါမယ်။ (ဥပမာ- နာရေးကူညီမှုအသင်းနဲ့ ကြံ့ဖွံ့တွေ ရန်ဖြစ်ရာကနေလည်း ဖြစ်လာနိုင်တယ်။ မီတာဆောင်ရင်းကနေလည်း မီတာရုံးကနေ ဖြစ်လာနိုင်တယ်။) ဘာကြောင့်လဲဆိုတော့ နေရာအနှံ့မှာ ဖိနှိပ်မှုတွေ၊ မတရားမှုတွေ၊ အဆင်မပြေမှုတွေ၊ မွန်းကြပ်မှုတွေ အပြည့်ရှိ နေကြလို့ပါဘဲ။ နောက်ဆုံးအနေနဲ့ ကျနော်ပြောချင်တာကတော့ လူထုနဲ့ တသားတည်းဖြစ်အောင်နေပါ။ လူထုကို ယုံကြည်ပါ လူထုရှေ့က ဦးဆောင်ပါ။

ကျနော်တို့ရဲ့ ပြောင်မြောက်တဲ့ ဗကသများအဖွဲ့ချုပ် သမိုင်းနဲ့ ခွပ်ဒေါင်းအလံကို
အမြင့်မားဆုံး လွှင့်ထူကြပါ။
ခွပ်ဒေါင်းတွေရဲ့ နီစွေးတဲ့ တိုက်ပွဲဝင်စိတ်ဓါတ်ကို ရဲရင့်ပြတ်သားနေအောင်
ပြင်ဆင်ထားကြပါ။

"ဒီမိုကရေစီတော်လှန်ရေး မုချ အောင်ပွဲခံရမည်။"

လေးစားစွာဖြင့်
ဇာနည်
(ဗကသများအဖွဲ့ချုပ်)

*ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ထုတ်ဝေသည့်*
*အိုးဝေဂျာနယ်သို့ စာမူများ၊ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်*
**abfsu.07@gmail.com** *သို့ ပေးပို့နိုင်ပါသည်။*

# ဩဇာခံ နှင့် အမွေခံ
# ခွဲခြားအမြင် မှန်ကြစေ

ယမင်းရွှေစင်
(ဗကသများအဖွဲ့ချုပ်)

တဖက်နိုင်ငံအခြေစိုက် ဧရာဝတီမဂ္ဂဇင်းမှာ ဗကသ ကျောင်းသားခေါင်းဆောင် ကိုကျော်ကိုကိုနဲ့ ဗကသအကြောင်း ဘကောင်းအမည်နဲ့ ရေးထားတဲ့ ဆောင်းပါးတပုဒ်ကို ဖတ်လိုက်ရတဲ့နောက် ကျမတို့ရဲ့ အင်မတန်တိုတောင်းလှသေးတဲ့ ၅ နှစ်တာကာလ လှမ်းခဲ့ရွေ့ခဲ့ကြတဲ့ ခြေရာလက်ရာလေးတွေကို ကောက်ကြောင်းကောက် ရေးခြစ်လိုစိတ် ပြင်းပြင်းပြပြပေါ်မိတယ်။ ကို(သို့မဟုတ်) ဦးဘကောင်းရဲ့ ဆောင်းပါးမှာပါတဲ့ အာဘော်တချို့ဟာ ကိုကျော်ကိုကိုနဲ့ ကျမတို့ ဗကသကို တင်ပေးသလိုလိုနဲ့ ရိုက်ချထားသလားလို့ ခံစားမိ ပါတယ်။ စာရေးသူက ကျမတို့ခေါင်းဆောင်နဲ့ ဗကသကို တမင်ရည်ရွယ် နှိမ့်ချစော်ကားတာမျိုး ဟုတ်ချင်မှ ဟုတ်ပေမယ့် အနုတ်လက္ခဏာဆောင်တဲ့၊ အနှောင့်အသွားမလွတ်တဲ့၊ ရှေ့မျိုးဆက်နဲ့ ကျမတို့ကြား သွေးထိုး တဲ့ အငွေ့အသက်တွေ ဝဲနေတာကတော့ မဟုတ်မှလွဲရော ဆိုရမလားဘဲ။ နအဖသတင်းစာရှင်းလင်းပွဲမှာတော့ ကျမတို့ ဗကသကို ၈၈-က ကိုဂျင်မီတို့ ကိုထွန်းမြင့်အောင်တို့ကသိမ်းသွင်းပြီး မွေးမြူလေ့ကျင့်ပေးခဲ့တယ် လို့ စွပ်စွဲသမုတ်ဖူးပါတယ်။ ကျမတို့ မတုန့်ပြန်ခဲ့ပါဘူး။ မလိုအပ်လို့ပါ။ လူတွေက နအဖသတင်းစာတွေကို ဖတ်တဲ့အခါ ပြောင်းပြန်အဓိပ္ပါယ် ကောက်ယူလေ့ရှိတာကို ကျမတို့ သိထားလို့ပါ။ အခုဟာက ဧရာဝတီ မဂ္ဂဇင်းဖြစ်နေတယ်လေ။ အမှန်တရားအတွက် ရပ်တည်နေတဲ့ မီဒီယာတခုလို့ သိထားတာကြောင့် ချော်နေတာလေးတွေ တော်တည့်သွားစေချင်တဲ့ စေတနာလည်း ပါပါတယ်။ www. irrawaddy. org/ ဘကောင်း Thursday, May 27, 2010 မှာ ဖော်ပြထားတာတွေထဲက လွဲမှားနေတဲ့ အချက်အလက်တချို့နဲ့ အမြင်အာဘော်တချို့ကို ထုတ်နုတ်ဖော်ပြလိုက်ပါတယ်။ ဖတ်ကြည့်စေချင်ပါတယ်။

> ရှေ့မျိုးဆက်တွေရဲ့ မပြီးပြတ်သေးတဲ့ ခေတ်ရဲ့ဝန်ကို ကျမတို့ပခုံး ပေါ် လွှဲပြောင်းယူတာဟာ ဩဇာခံတာ မဟုတ်ပါဘူး။ အမွေခံတာပါ။ သမိုင်းက အလျဉ်မပြတ် စီးနေမှာပါ။ တချိန်ကျရင် ကနေ့ ကျမတို့ ပခုံးပေါ်က တာဝန်တွေကိုလည်း မောင်ငယ် ညီမငယ်တွေရဲ့ပခုံးပေါ် ကျမတို့ လွှဲပြောင်းပေးရဦးမှာ ပါဘဲ။

(*when he was  recruited by former political prisoners to engage in political activities.——" Though he received some influence from other individualsç he himself is well-read" "------၂၀၀၆ ခုနှစ်တွင် နိုင်ငံရေး အကျဉ်းသားဟောင်းများက သူ့ကို နိုင်ငံရေး လုပ်ငန်းများတွင် ပါဝင်လာစေရန် စည်းရုံးခဲ့သည်။----သူ့မှာ တခြားသူတွေရဲ့လွှမ်းမိုးမှု ရှိပေမယ့်လည်း သူကိုယ်တိုင်က စာဖတ်အားကောင်း၊ တည်တည်ငြိမ်ငြိမ်နဲ့ စည်းကမ်းသေသပ်တဲ့ လူငယ်တဦးပါ" ဟု----*

*သူငယ်ချင်းများနှင့် စကားပြောနေစဉ် ရန်ကုန် Junction 8 ကုန်တိုက်အတွင်းရှိ မုန့်ဆိုင်တခု၌ သူ့အား ဝင်ဖမ်းခဲ့သည်။ ထို့နောက် ကိုကျော်ကိုကို ပဲခူးသို့ ထွက်ပြေးတိမ်း ရှောင်ခဲ့သည်။)*

Junction 8 မှာ သူငယ်ချင်းများနဲ့ စကားပြောနေတုန်း ဝင်ဖမ်းတယ်ဆိုတာ အချက်အလက်အရ မှားနေပါတယ်။ ၂၀၀၆ မှာ နိုင်ငံရေး အကျဉ်းသားဟောင်းတွေက စည်းရုံးလိုက်လို့ ကိုကျော်ကိုကို နိုင်ငံရေးထဲ ပါလာတယ်ဆိုတာကလည်း သိပ်ကိုလွဲပါတယ်။ နအဖ သတင်းစာရှင်းလင်းပွဲလေသံပေါက်နေပါတယ်။ တကယ်ဆို ကိုကျော်ကိုကို ကျမတို့ စာဖတ်ဝိုင်းကိုရောက်လာတာ ၂၀၀၇ သကြ်န်နောက်ပိုင်းမှပါ။ ၂၀၀၇ သကြ်န်တုန်းက ကျမတို့တတွေ ကန်တော်ကြီးစောင်း နတ်မောက်လမ်းက မဟန်နီဦးတို့အိမ်မှာ လူစုပြီး မုန့်လုံးရေပေါ် လုပ်စားကြ၊ ရေပက်ခံထွက်ကြရင်း မဟန်နီဦးနဲ့ပတ်သက်ပြီး ကိုကျော်ကိုကိုနဲ့ ရင်းနှီးသွားကြတာပါ။ နောက်ပိုင်းမှာတော့ ကျမတို့နဲ့ မဆုံခင်ကတည်းက ကိုကျော်ကိုကိုဟာ သူတို့ စီးပွားရေးတက္ကသိုလ်မှာ ပညာရေးနဲ့ ကျောင်းသား အခွင့်အရေးဆိုင်ရာကိစ္စတွေမှာ ကိုစည်သူမောင်တို့ ကိုရဲမင်းဦး တို့လိုဘဲ ရှေ့တန်းကနေ တက်တက်ကြွကြွ ပါဝင်နေပုံတွေ။ စစ်အစိုးရရဲ့ မတရားသဖြင့်လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး သူ့ရဲ့ဝေဖန် သုံးသပ်ချက်တွေကို သိလာရပြီးတဲ့နောက်။ နောက် သူက ကဗျာတွေ စာတွေလည်း ဝါသနာပါတော့ ကျမတို့ စာဖတ် ဝိုင်းထဲ မကြာဘူး ရောက်လာခဲ့တယ်။

ပြောချင်တာက ကိုကျော်ကိုကို အပါအဝင် ကျမတို့သူငယ်ချင်းတွေဟာ ခုချိန်ထိ ဘယ်သူတဦးတယောက်ကမှ စည်းရုံးသိမ်းသွင်းလို့ တိုက်တွန်းလို့ နိုင်ငံရေး ဝဲဂယက်ကြီးထဲမှာ ပါဝင်နေကြတာ မဟုတ်ပါဘူး။ ကိုယ့် အခြေခံ အသိအမြင်ပေါ်မှာ အကိုအမများရဲ့ အသိအမြင် အတွေ့အကြုံတွေကို ဆင့်ပွားပြီး ကိုယ်ပိုင်ခံယူချက် ယုံကြည်ချက်တွေနဲ့။ အဓိကကတော့ သမဂ္ဂကို ချစ်မြတ်နိုးတဲ့စိတ်၊ မဟုတ်မတရားမှုကို အာခံတတ်တဲ့ဉာဉ်တွေ ကြောင့်သာ အခုလို ဒုက္ခမျိုးစုံကြားမှာ ယုံကြည်ချက် ခိုင်ခိုင်မာမာနဲ့ ပျော်ပျော်ကြီး တိုက်ပွဲဝင်နေကြတာပါ။ ဘယ်သူ့ အသိမ်းသွင်းမှုခံမှာမဟုတ်သလို၊ တဦးတဖွဲ့ရဲ့ ဩဇာ လွှမ်းမိုးမှုကြောင့် အသိမဲ့လုပ်နေကြသူတွေလည်း မဟုတ်ပါ။ (စကားချပ်။ ။ ဘကောင်း ဆိုတဲ့နာမည်ဟာ အများလေးစားကြတဲ့ လက်ဝဲအနွယ် ၆၂ ကျောင်းသားခေါင်းဆောင်ကြီး တယောက်ရဲ့အမည်ဖြစ်နေလေတော့ ဆောင်းပါးရှင် ဘကောင်းသည်ပင် တစုံတယောက်၏ တစုံတရာ လွှမ်းမိုးမှုကို ခံနေရသလားဆိုတာ စဉ်းစားစရာပါ ။ ကောင်းသော လွှမ်းမိုးမှုပါ။ ကြိုဆိုပါတယ်။ ကိုယ်စံထားတဲ့လူတွေ ဇာတ်ကောင်နာမည်တွေကို တော်လှန်ရေးမှာ စာပေလောကမှာ ယူမှည့် လေ့ရှိကြပါတယ်။ နာမည်တော့ မဖျက်နဲ့ပေါ့လေ။)

ပြောချင်တာက ကိုကျော်ကိုကို အပါအဝင် ကျမတို့ သူငယ်ချင်းတွေဟာ ခုချိန်ထိ ဘယ်သူတဦးတယောက်ကမှ စည်းရုံး သိမ်းသွင်းလို့ တိုက်တွန်းလို့ နိုင်ငံရေး ဝဲဂယက် ကြီးထဲမှာ ပါဝင်နေကြတာ မဟုတ်ပါဘူး။ ကိုယ့် အခြေခံ အသိအမြင်ပေါ် မှာ အကိုအမများရဲ့ အသိအမြင် အတွေ့အကြုံတွေကို ဆင့်ပွားပြီး ကိုယ်ပိုင်ခံယူချက် ယုံကြည်ချက်တွေနဲ့။ အဓိကကတော့ သမဂ္ဂကို ချစ်မြတ်နိုးတဲ့စိတ်၊ မဟုတ်မတရားမှုကို အာခံတတ်တဲ့ ဉာဉ်တွေကြောင့်သာ ---

တခုတော့ရှိတယ်၊ တိုင်းပြည်တပြည် စနစ်တခုကို ပြောင်းလဲ တည်ဆောက်ဖို့ဆိုတာဟာ မျိုးဆက်အလိုက် အမွေခံ လက်ဆင့်ကမ်း ထမ်းဆောင်ရတဲ့ သမိုင်းပေးတာဝန်ပါ။ ကျမတို့ ရှေ့ ရှေ့သော နောင်တော်

အမတော်မျိုးဆက်များရဲ့ အတွေ့အကြုံတွေ လမ်းညွှန်မှုတွေ အားပေး ကူညီမှုတွေဟာ ကျမတို့ရဲ့ ပစ္စုပ္ပန် ခရီးကို အကျအဆုံးနည်းနည်းနဲ့ ခရီးပေါက်စေမှာ အသေအချာပါဘဲ။ ရှေ့မျိုးဆက်တွေရဲ့ မပြီးပြတ်သေးတဲ့ ခေတ်ရဲ့ဝန်ကို ကျမတို့ ပခုံးပေါ် လွှဲပြောင်းယူတာဟာ ဩဇာခံတာ မဟုတ်ပါဘူး။ အမွေခံတာပါ။ သမိုင်းက အလျဉ်မပြတ် စီးနေမှာပါ။ တချိန်ကျရင် ကနေ့ ကျမတို့ ပခုံးပေါ်က တာဝန်တွေကိုလည်း မောင်ငယ်ညီမငယ် တွေရဲ့ပခုံးပေါ် ကျမတို့ လွှဲပြောင်းပေးရဦးမှာပါဘဲ။ တပြိုင်တည်းမှာ ကျမတို့ရဲ့ အတွေ့အကြုံတွေ အသိအမြင်တွေကို သူတို့ကိုဖောက်သည် ပြန်ချရဦးမှာပါ။ အဲဒီအခါကျရင်လည်း သူတို့လေးတွေဟာ ကျမတို့လိုဘဲ အစည်းရုံးခံလိုက်ရတယ်၊ ဩဇာလွှမ်း မိုးမှုခံလိုက်ရတယ်ဆိုတဲ့ တန်ဘိုးချ တလွဲ ကောက်ချက် တွေကြားမှာ သူတို့ တိုင်းပြည် ကောင်းရာကောင်းကြောင်းအတွက် သူတို့တကိုယ်ရည် အေးရာအေးကြောင်း ငြိမ့်မနေနိုင်ဘဲ ချိုသောအရှုံးများကို ချိုချဉ်လို အရသာခံ၊ ဒဏ်ရာတွေကို ရောင်စုံ ပတ်တီးလှလှလေးတွေစီးပြီး ခေတ်ကာလက ချပေးလိုက်တဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ခါးကျိုးကျသွားတဲ့အထိ ထမ်းရွက်နေကြလိမ့်ဦးမယ်ဆိုတာ ကျမ ယုံကြည်မျှော်တွေးရင်း ဩဇာခံနဲ့ အမွေခံ ခွဲခြားအမြင်မှန်ကြပါစေလို့ အထပ်ထပ်ရေရွတ် မကြာသေး တဲ့ အတိတ်မှန်သားပြင်ကို ဖွဖွလေး ပြန်ပွတ် ကြည့်မိတဲ့အခါမှာတော့-----

ဝန်ခံစကား



ကျမအခုရေးပြောမယ့်ဟာတွေဟာ ၂၀၀၇-မျိုးဆက် ဗကသရဲ့ သမိုင်းရယ်လို့ တော့ မဟုတ်ပါဘူး။ ကျမ ကိုယ်တိုင်သော်၎င်း၊ နောက်မှ ကျမတဆင့်ပြန်သိလိုက်ရတာတွေကို မှတ်မိသမျှ မှတ်မိသလို တူးဆွ ကောက်ယူ ရေးခြစ်ချလိုက်တဲ့ စပ်ထည် ကောက်ကြောင်းမျှ သာဖြစ်တယ် ဆိုတာကိုတော့ ကြိုတင်ဝန်ခံပါရစေ။ မှားရင် ပြင် ၊လိုရင် ဖြည့်စေချင်ပါတယ်။ တိမ်ကင်းစင်သော မျက်လုံးများဖြင့်ပေါ့။

## ၂၀၀၇-သမဂ္ဂ အကြို

ကျမမှတ်မိသလောက်က ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုဌေးကြွယ်တို့ ဦးဆောင်တဲ့ ၈၈-မျိုးဆက် ကျောင်းသားများရဲ့ သတင်းမီဒီယာတွေ ကနေတဆင့်ပြောနေတဲ့ ရဲရဲတောက်တွေ့ဆုံမေးမြန်းခန်းတွေ၊ အမျိုး သားရင်ကြားစေ့ရေးအတွက် ငြိမ်းချမ်းရေးစကားတွေနဲ့ လူထုထဲ တသားတည်း သွားလာလှုပ်ရှားနေမှုတွေက ကျမတို့ မျိုးဆက်အသစ်တွေရဲ့ ဉာဏ်အလင်းကို ထွန်းညှိနိုးကြားစေတာ အမှန်ဘဲ။ နဂိုကတည်း ကမှ အမှန်တရားကိုမြတ်နိုး၊ အမှန်တရားဘက်ကနေ ဝင်ရပ်တတ်တဲ့၊ လေ့လာစူးစမ်းလိုစိတ်ရှိတဲ့၊ အများအကျိုးကို လှေကားတထစ်၊ လက်တဆစ်ဘဲဖြစ်ဖြစ် ဝင်ထမ်းချင်တဲ့ စိတ်ဝမ်းတူရာ ကျမတို့ သူငယ်ချင်းတွေဟာ အမေရိကန်စင်တာက စာအုပ်တွေကြားမှာ လက်ချင်းချိတ်မိကြတော့တယ်။ ၂၀၀၅-၂၀၀၆ ရွက်ဆုတ် ပြက္ခဒိန် စာရွက်လေးတွေ တရွက်ပြီးတရွက် လွင့်ပျံသွားတာနဲ့အမျှ ကျမတို့တတွေရဲ့ ရင်ခုန်သံတွေ ထပ်တူနီးပါး



ဖြစ်လာကြတယ်။ တယောက်ကို တယောက် ယုံကြည်မှုတွေ တည်ဆောက်နိုင်ခဲ့သလို လျှောက်ရမယ့် လမ်းကိုလည်း ပီပီသသ မြင်တွေ့လာကြတယ်ပေါ့။

မျှားမကြာမီမှာဘဲ နောင်တော် အမတော် မျိုးဆက် ကျောင်းသားတွေနဲ့လည်း သိကျွမ်း ရင်းနှီး ခွင့်ရလာခဲ့တယ်။ ၈၈-က မမာလာ၊ မစုစုဝင်းတို့၊ NLD က မမြမြခိုင်၊ စာရေးဆရာမ မခက်မာတို့ဟာ ကျမတို့တတွေ လေးစားပြီး အားကိုးရတဲ့ အမကြီးတွေလည်း ဟုတ် အန်တီတွေလည်း ဟုတ်ရုံမက မိခင်တွေလိုပါ ကျမတို့ရဲ့ ကိုယ်ရေးကိုယ်တာတွေကအစ အရိပ်တကြည့်ကြည့် စောင့်ရှောက်သွန်သင် ပေးတတ်ကြသူတွေပါ။ ကျမထင်တယ်။ အမေရိကန်စင်တာ (AC) မှာလုပ်တဲ့ Civil Society အလုပ်ရုံ ဆွေးနွေးပွဲဟာ ကျမတို့ အများစုတတွေ ပွဲဦးထွက် ပါဝင်ပတ်သက်ခွင့်ရတဲ့ပွဲပါဘဲ။ အဲဒီနောက် ကျမတို့ အရင်ကထက် ပိုပြီး လန်းလာကြတယ်။ ယုံကြည် ရဲရင့်လာတယ်။

ဒီလိုနဲ့ ရက်တွေကြာလာ တာနဲ့အမျှ ကျမတို့ မျိုးဆက်အသစ် အသိုက်အဝန်းကလေးဟာ ၈၈-မျိုးဆက်ကျောင်းသားတွေဖြစ်တဲ့ ကိုသွင် လင်းအောင်တို့၊ ကိုကျော်မောင်တို့၊ ကိုထွန်းမြင့်အောင်တို့နဲ့ AC မှာ မျက်မှန်းတန်းမိရာကနေ ယုံကြည်ရာ ဝါသနာတူရာ ငွေ့ရည်ဖွဲ့ ဖြစ်ခဲ့ကြတယ်။ အစပိုင်း မှာတုန်းကတော့ ကိုရဲထွန်းကျော်ကြီးလည်းပါတယ်။ နောက်ပိုင်းမှာ သူ မအားတော့လို့ ကိုမြင့်မြတ်က ဝင်ကူ တယ်။ အစပိုင်းမှာတုန်းကတော့ စာအုတ်တွေဖတ်၊ ပြန်ဆွေးနွေး ငြင်းခုံကြပေါ့။ နောက်တော့ ပရဟိတ အလုပ်တွေဖြစ်တဲ့ သွေးလှူတာတို့၊ ဆင်းရဲချို့တဲ့တဲ့ ကလေးတွေကို စာသင်ပေးတာတို့ကိုပါ လေ့လာ ဆည်းပူးရေးနဲ့အတူ တွဲလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြပြီး ကျမတို့ အစုအစည်း ကလေးကို WE FOR ALL လို့ ရိုးရိုးရှင်းရှင်း အမည်ပေးလိုက်ကြတယ်။ နောက်တခါ စကားစစ်ထိုးပွဲတွေ လုပ်ဖြစ်တော့ Debaters for Our Society ( DOS ) ဆိုတဲ့ အမည်တခု ထပ်ပေးကြပြန်တယ်။ AC က လုပ်တဲ့ MDS ဆိုတဲ့ Debate အဖွဲ့ ဆိုတာလည်းရှိသေးတယ်။ သူတို့ကတော့ အင်္ဂလိပ်လို ပြောကြဆိုကြပေါ့။ ကျမတို့ကတော့ မိခင် ဘာသာစကားနဲ့ပေါ့။ လုပ်ဖြစ်တဲ့ စကားစစ်ထိုးပွဲတွေက ထိုင်းစစ်တပ်က အာဏာသိမ်းတာမှန်တယ်၊ မှားတယ်။ နောက်တခုက ဂလိုဘယ်လိုက်ဇေးရှင်းဟာ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်တယ်၊ မနိုင်ဘူး။ ၂ ပွဲဘဲလုပ် ဖြစ်လိုက်တယ်။ Seminor/Workshopက ဆရာ ဦးကျော်ဇောဟန် ဦးဆောင်ဆွေးနွေးတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းပွဲရယ်၊ လူ့ရှင်တော် ကိုဇာဂနာကြီး ဦးဆောင် ဆွေးနွေးတဲ့ အခက်အခဲကြားမှ ရှင်သန်ကျော်ဖြတ်ခြင်းပွဲရယ်။ ကျမတို့စာဖတ်ဝိုင်းလေးကို

စာရေးဆရာ ကိုရှင်းသန့်ကလည်း တွေးတတ်၊ ရေးတတ်အောင် လမ်းညွှန်လေ့ကျင့်မှုတွေလုပ်ပေးသလို၊ ဆရာမ နှင်းပန်းအိမ်ကလည်း သူ့ဘဝ အတွေ့အကြုံတွေကို လာရောက်ဖောက်သည်ချခဲ့တာဟာ ကျမတို့တတွေ တထိုင်တည်းနဲ့ စာအုပ်တွေ အများကြီး ဖတ်လိုက်ရသလိုပါဘဲ။ အင်္ဂလိပ်ဘာသာစကားမှာလည်း မကျန်ခဲ့ရအောင် ACက အန်တီစန်းက သူကိုယ်တိုင် သင်ကြား မျှဝေပေးပါတယ်။ မဂ္ဂဇင်းကြီး ၂ စောင်မှာလည်း ကျမတို့တတွေ လူငယ်စကားဝိုင်းတွေ လုပ်ဖြစ် ခဲ့ကြတယ်။ အဲဒီကာလတွေဟာ ကျမတို့အဖို့ အတက်ကြွဆုံးအချိန်နဲ့ အနာဂတ်ကို ရဲရဲမျှော်ကြည့်ရဲတဲ့ အခွင့်အလမ်းတွေ လက်ထဲရှိနေတဲ့ကာလပါဘဲ။ Capacity Building ဆိုတာဟာ အကိုကြီး အမကြီးတွေ၊ တတ်သိပညာရှင်တွေရဲ့ ပံ့ပိုးကူညီမှုမပါဘဲ ကျမတို့ ဆယ်ကျော်သက် ကျောင်းသား လူငယ်တွေချည်း စမ်းတဝါးဝါး သွားနေလို့ကတော့ အခုလောက် ခရီးမတွင်မှာ အသေအချာပါဘဲ။

## *ACထဲမှာတင် မိန်းမောမနေ*

ကျမတို့တတွေ AC ထဲမှာတင် ကိုယ့်ကိုယ်ကိုယ် သင်တန်းတွေ တခုပြီးတခုတက်။ စာတီဖိကိတ်တွေယူ။ အတ္တကိုယ်ကျိုးဉခွံထဲမှာချည်း သာယာမနေခဲ့ကြပါဘူး။ နောင်တော် မျိုးဆက်ကျောင်းသားကြီးတွေဖြစ်တဲ့ ကိုမင်းကိုနိုင် ၊ ကိုပြုံးချိုတို့ ၅ ယောက်ကို စစ်အစိုးရက ဖမ်းဆီးလိုက်တဲ့အခါမှာတော့ ကိုမြအေး၊ ကိုဂျင်မီ၊ ကိုအံ့ဘွယ်ကျော်တို့ ဦးဆောင်လှုပ်ရှားတဲ့ လက်မှတ်ရေးထိုးကန့်ပိန်းနဲ့ လွတ်မြောက်ရေးဝတ်ပြုဆုတောင်းပွဲတွေမှာလည်း တတပ်တအား ပါဝင်ခဲ့ကြပါတယ်။ ကိုမင်းကိုနိုင်တို့ ပြန်လွတ်လာပြီးနောက် တနင်္ဂနွေ အဖြူရောင်လှုပ်ရှားမှုတွေမှာ ကျမတို့တတွေ စိတ်လိုလက်ရ သွေးစည်းခဲ့ကြပါတယ်။

## *ထောက်လှမ်းရေး နှောက်ပြီ*

နအဖသတင်းစာတွေထဲမှာ စာအုပ်စာပေလူ့မိတ်ဆွေတို့၊ စာကြည့်တိုက်များ ထွန်းကားရေးတို့ ဆိုတာ လူကြားကောင်းအောင် ဝါဒဖြန့်ဘို့နဲ့ စစ်အစိုးရ အာဏာမြဲရေးကို အထောက်အပံ့ဖြစ်စေမယ့် ဖော်လံဖားစာမျိုးတွေနဲ့ မှိုင်းသွင်းဘို့လောက်သာ ရည်ရွယ်တာပါ။ တကယ်တမ်းမှာတော့ ကျောင်းသားလူငယ်တွေ မူးယစ်သောက်စားလောင်းကစားလုပ်ချင်လုပ်ပစေ စာအုပ်ကောင်းတွေဖတ် တွေးရဲဆိုရဲ ဖြစ်လာမှာကို နအဖက အသေကြောက်ပါတယ်။ ဒါ့ကြောင့်လည်း ကျမတို့ စာဖတ်ဝိုင်းလေးကို အစည်းပြေ သွားအောင် ခြိမ်းခြောက်မှုတွေပြုပါတော့တယ်။ ကိုသွင်လင်းအောင်တို့ မခက်မာတို့ကို ဖမ်းဆီးစစ်ဆေးသလို ကျမတို့ သူငယ်ချင်းတွေထဲကတချို့ကို ကျောင်းမှာခေါ်စစ် မိဘတွေကို အကြပ်ကိုင်၊ ကိုဒီငြိမ်းလင်းအပါအဝင် တချို့ကိုတော့ ခြောက်ထပ်ရုံးမှာ စစ်ဆေး ဝန်ခံဂတိတွေ ဖိအားပေးလက်မှတ်ထိုးခိုင်း။ ကျမတို့ နောက်မဆုတ်ခဲ့ကြပါဘူး။ ကျမတို့အလုပ်ကို ကျမတို့





လိပ်ပြာသန့်တာကြောင့် သတ္တိသွေးတွေ ရဲခဲ့ကြပါတယ်။ ကိုထွန်းမြင့်အောင်ကတော့ ကျမတို့ လူငယ်တွေအတွက် ရရှိထားတဲ့ စွမ်းဆောင်ရည်မြင့်တင်ရေး အခွင့်အလမ်းနဲ့ ပရဟိတ ကူညီရေး အစီအစဉ်လေးပျက်ပြားသွားမှာ စိုးတာကြောင့် Social Work ထက်ပိုပြီး နိုင်ငံရေးစိတ်ထက်သန်လှုပ်ရှားချင်သူများအနေနဲ့ စာဖတ်ဝိုင်းကနေထွက်ပြီး AC ပြင်ပမှာ သီးခြားရပ်တည် လှုပ်ရှားစေလိုကြောင်း အဆိုပြုခဲ့ပါတယ်။ သူဆိုလိုတာကတော့ နိုင်ငံရေးလုပ်ချင်ရင် စာဖတ်ဝိုင်းကထွက်ဆိုတဲ့သဘောပါ။ အဲဒီတုန်းကတော့ ကျမတို့တတွေ သူ့ကို မကျေမနပ်ဖြစ်ခဲ့ကြပါသေးတယ်။ ကျမတို့က စာလည်းဖတ်ချင်၊ လူမှုရေးလည်း လုပ်ချင်သလို နိုင်ငံရေးအသိတွေနိုးကြားတက်ကြွနေချိန်ဆိုတော့ စာဖတ်ဝိုင်းဟာ နိုင်ငံရေးနဲ့ကင်းကင်းနေဆိုတာမျိုးကို သိပ်သဘောမကျချင်ဘူး။ မှတ်မိသေးတယ် နောက် ၁ ရက် ၂ ရက် မှာ ၈၈ ကျောင်းသားတွေက ရှစ်လေးလုံး နှစ်ပတ်လည်ပွဲကို ခြောက်ထပ်ကြီး ဘုန်းကြီးကျောင်းမှာ ကျင်းပတော့မယ်လေ။ အဲဒီ့ပွဲကို ကျမတို့တတွေ အကုန်လုံးရောက်လာလို့ကတော့ ထောက်လှမ်းရေးက အခုထက်ပိုပြီး စာဖတ်ဝိုင်းကို ဒုက္ခပေးတော့မယ် ဆိုတာသူသိနေသလို ကျမတို့ လည်း သဘောပေါက်ပေမယ့် လူငယ်တွေမဟုတ်လား၊ အဲဒီလို ပွဲမျိုးကို အတော်ရင်ခုန်ကြုံချင်တာပေါ့။ မကြုံလိုက်ရပါဘူး။ ကိုကျော်ကိုကိုနဲ့အတူ ကိုစည်သူမောင်၊ ကိုဒီငြိမ်းလင်းတို့ကတော့ ပြတ်ပြတ်သားသားဘဲ အဲဒီပွဲကို သွားတက်ခဲ့ရုံမက ၈၈-ကျောင်းသား ကြီးတွေနဲ့ ရင်ပေါင်တန်းပြီး မကြောက်တရားတွေတောင် ဟောလိုက်သေး။

## သမဂ္ဂသန္ဓေ တည်ပြီ

Social Work နဲ့ နိုင်ငံရေးတာဝန်တွေ စည်းခြား ခွဲဝေလိုက်ပြီးတဲ့နောက်မှာတော့ စီးပွားရေးတက္ကသိုလ်က ကျောင်းသား အများစုပါဝင်တဲ့ AC ပြင်ပစကားဝိုင်းတွေမှာ ကျောင်းသားသမဂ္ဂ ဖွဲ့စည်းရေးဆိုတဲ့အသံတွေ အရင်ကထက် ပိုကျယ်လောင်လာတယ်။ သမဂ္ဂကို ဖွဲ့စည်းမယ် မဖွဲ့ဘူးဆိုတာ ဆုံးဖြတ်ချက် မကျသေးခင်မှာကိုဘဲ စိတ်ကူးနဲ့ အမည်ပေးတဲ့အထဲမှာ အီကိုကတယောက်က တည်ဆဲသမဂ္ဂလို့ပေးရင် မကောင်းဘူးလားတဲ့။ ဘာကြောင့်လဲဆိုတော့ စစ်အစိုးရက သူ့ကိုယ်သူ တည်ဆဲအစိုးရလို့ ပြောပြောနေတာ နားကလောသတဲ့။

ဒီလိုနဲ့ လူထုခေါင်း ဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့မှာ စီးပွားရေးတက္ကသိုလ် ကျောင်းသား ကျောင်းသူတွေက ရွှေသာကြီး စိတ်ကျန်းမာရေးဆေးရုံမှာ ပိုက်ဆံစုပြီး အလှူဒါနလုပ်ဖို့ စီစဉ်ကြ

တယ်။ အထလည်းမြောက်ခဲ့တယ်။ ကျောင်းသားတွေဘက်က လုပ်ပုံကိုင်ပုံ သေသပ်လွန်းလို့သာ ထောက်လှမ်းရေးက မသိလိုက်ခင် လျူခွင့်ရလိုက်တာပါ။ ပြောရရင် အဲဒီအလှူပွဲမတိုင်ခင် ၁ ရက် ၂ ရက် လောက်က ပြည်သူ့ ဥယျာဉ်ထဲမှာ ကိုကျော်ကိုကို ၊ ကိုလင်းထက်နိုင်၊ ကိုစည်သူမောင်တို့တတွေ အပါအဝင် ၇ ယောက် ၈ ယောက်လောက် စုဝေးတိုင်ပင်ဖြစ်ကြတဲ့အထဲမှာ မွေးနေ့အလှူကိစ္စပါသလို သမဂ္ဂ ဖွဲ့စည်းရေးလည်း ပါလာပြန်တယ်။ ဖွဲ့တော့မဖွဲ့ဖြစ်သေးဘူး။ ထုံးစံအတိုင်း နာမည်စဉ်းစားတော့ ရှေ့မျိုးဆက်တွေရဲ့ ဗထက်ချိုင့်တို့ မ,တို့ဆိုတဲ့ ပြသနာတွေကို ကျမတို့မျိုးဆက်မှာ အမွေမခံချင်ဘူး။ နောက်တခုက ဗမာနိုင်ငံဆိုရင် တိုင်းရင်းသားတွေကို ကိုယ်စားမပြုတဲ့သဘော သက်ရောက်မှာကိုစိုးရိမ်။ မြန်မာဆိုပြန်ရင်လည်း နဝတရဲ့ မရောင်ရာ ဆီလူး နာမည်ပြောင်းပုံတွေကို အားပေးထောက်ခံရာ ရောက်မှာစိုးပြန်။ နာမည်ရွေးနေရတာနဲ့ အချိန်ကုန် လှပြီဆိုပြီး၊ (တခါတခါ ခုလို လူစုဆွေးနွေးဘို့က မလွယ်ဘူးလေ၊) နောက်ဆုံးတော့ ဖွဲ့ဖြစ်ရင် ဗကသ ဗမာနိုင်လုံးဆိုင်ရာလို့ဘဲ သုံးကြဖို့ သဘောတူရွေးချယ်လိုက်ကြတယ်။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးတိုက်ပွဲ အဆက်ဆက်နဲ့ အာဏာရှင်ဆန့်ကျင်ရေးတွေမှာ တပ်ဦးကနေ ရပ်တည်ကိုင်စွဲခဲ့တဲ့ ကိုအောင်ဆန်းတို့ ကိုဗဟိန်းတို့အမွေကို ဆက်ခံမယ်ဆိုတဲ့အတွေးနဲ့ ဗကသ ဆိုတာကို ရွေးခဲ့ကြတယ်။ လွတ်လပ်တဲ့တချိန်ကျရင် ညီလာခံမှာ အများသဘောတူ ရွေးကြတာပေါ့ဆိုပြီး၊ အခုတို့ဖွဲ့မယ့် သမဂ္ဂဟာ ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့ကို ကျမတို့ရဲ့ နောင်တော် ကျောင်းသားခေါင်းဆောင်တွေအဖြစ် အသိအမှတ်ပြု သလို ကိုမင်းဇေယျာတို့ ကိုဌေးကြွယ်တို့ဟာလည်း ငါတို့လေးစားအားထားတဲ့ တို့သမဂ္ဂခေါင်းဆောင်တွေ ဘဲလို့ ခံယူကြောင်း ပြောဖြစ်ကြတယ်။ နောက်တကြိမ် ပြည်သူ့ဥယျာဉ်ထဲမှာ အစည်းအဝေးလုပ်ပြန်တော့ ရဲက မသင်္ကာဖြစ်ပြီး ရဲ ၁၀ ယောက်ကျော်မယ်ထင်တယ် ကျောင်းသားအုပ်စုကို မနီးမဝေးကနေ ဝိုင်းပတ် ခံလိုက်ရတဲ့အချိန်မှာ ခပ်တည်တည်နဲ့ ကိုယ်ရှိန်သတ် ပေါက်တတ်ကရအကြောင်းတွေကို အသံကျယ်ကျယ် လှီးလွှဲပြောပြီး ၂ ယောက်တတွဲ တဖြည်းဖြည်းချင်း လူစုခွဲလိုက်ရတယ်။ အီကိုကကျောင်းသားတယောက် ကတော့ သစ်ပင်ခွကြားကအဆင်းမှာ ကိုင်းတခုက ရင်ဘတ်ကိုထိုးမိလို့ အတော်ကြီးကို အောင့်သွားလို့ ဆေးခန်းသွားဖို့ လုပ်ရသေးတယ်။ ရွှေတိဂုံဘုရားဘက်အပေါက်ကနေ ခွဲထွက်ပြီး မြို့ထဲကို အနောက်မုဒ်ကနေ တက္ကစီနဲ့ ဈေးတောင်မဆစ်နိုင်တော့ဘဲ ရှောင်တိမ်းခဲ့ကြရတယ်။ နအဖပြောသလို AC မှာ သမဂ္ဂဖွဲ့တယ် ဆိုတာ လုံးဝ အလွဲဆိုတာ ရှင်းရောပေါ့။ ကျမတို့ ၂၀၀၇ ဗကသရဲ့ ဇာတိအောင်မြေဟာ ရန်ကုန်ပြည် လမ်းမကြီးပေါ်က ပြည်သူ့ဥယျာဉ်(တနည်း) ပြည်သူ့ရင်ပြင်ဘဲလို့ ပြောရမှာပါ။

(ထောင်တွင်းနှင့် ပြည်ပရောက်သူငယ်ချင်းရဲဘော်များသို့ တည်ကြည်သောသစ္စာဖြင့်---)

ယမင်းရွှေစင်
(ဗကသများအဖွဲ့ချုပ်)

(အိုးဝေဂျာနယ် အမှတ်(၈)တွင် ဆက်လက်ဖော်ပြပါမည်။)



# သမဂ္ဂအလံတော်အောက် ကွေ့သောကောက်သောလမ်းများကို ဖြောင့်ဖြောင့်မတ်မတ် လျှောက်ကြရာဝယ်

နေခြည်ခင် (နည်းပညာတက္ကသိုလ်)

ယခုတပတ် ဖတ်ဖြစ်သည့်စာ။ ။ သမဂ္ဂအလံတော်အောက်ဝယ် ။
ရေးသူ- ကျော်အောင် ။
သမဂ္ဂစာပေက ထုတ်ဝေသည် ။

"--- ရဲဘော်တို့ အရေးကြီးလေပြီ သွေးစည်းကြပါစို့၊
အချက်ကျ ဉာဏ်မျှော်ထောက်ကွယ်၊
သမဂ္ဂအလံတော် အောက်ဝယ် ---"
[ သမဂ္ဂသီချင်း ၁၉၃၈ကာလ]

( ၁ )

လွန်ခဲ့သည့် ၄၆ နှစ် ဇူလိုင် ၇ နှင့် ၈ ရက်နေ့များတွင် ဗိုလ်နေဝင်းစစ်အစိုးရက သမိုင်းဝင် ကျောင်းသားသမဂ္ဂ အဆောက်အဦကြီးကို ဖျက်ဆီးဖြိုချ ၊ ကျောင်းသားလှုပ်ရှားမှုများကို ချေမှုန်းသော့ခတ် ထိုထိုသော ဇာတ်ကြမ်းဇာတ်ရှိုင်းကို နဝတ/ နအဖ စစ်မျိုးဆက်က အမွေခံကာ ယနေ့တိုင် ကျောင်းသား သမဂ္ဂဖွဲ့စည်း ရပ်တည်ခွင့်ကို တရားဝင်ရပ်တည်ခွင့်မပေး၊ သမဂ္ဂလှုပ်ရှားမှုများကို တရားမဝင် အသင်းအပင်း ပုဒ်မ၊ နိုင်ငံတော်တည်ငြိမ်ရေးကိုပျက်ပြားစေသည်ဆိုသော မတရားပုဒ်ထီးပုဒ်မအမျိုးမျိုးဖြင့် ဖိနှိပ် ချုပ်ချယ်ကာ စစ်ဖိနပ်အောက်၌ ထာဝရနင်းပြားဖြစ်စေရန် အကြံကြီးကြံလျက်ရှိသည်။

ထိုအချိန်တွင် ကျောင်းသားသွေး နှင့် ကျောင်းသားအတွေး ဆင်းရဲလွန်းလှပြီး အတ္တ ကိုယ်ကျိုး အတွက် နားဖားကြိုးအထိုးခံ စစ်ဖိနပ်ကို လျှာဖြင့် လျှက်ခွင့်ရသည်ကို အဟုတ်ကြီးထင် သာယာနေသည့် ဘုရားစူးမိုးကြိုးပစ် ကျောင်းသားပါဟု ကျိန်ပြောနေရသည့် ကျောင်းသားဟု ဆိုသည်များမှလွဲ၍ ကျောင်းသား ထုကြီးကား မတရားတဘက်သတ် ရက်ရက်စက်စက် နှိပ်ကွပ်မှုများနှင့် မိဘများ၏ စီးပွားရေး အခြေအနေများ ကြောင့်သာ ယာယီအားဖြင့် အသံတိတ်နေရသည်၊ အိပ်နေကြသည်မဟုတ်။ အံကြိတ်၍ တောက်ခေါက်ကာ လက်ချင်းချိတ်ထားကြသည်။ မတရားမှု ကို ခုခံ၊ လွတ်လပ်မှုကို မြတ်နိုးသော၊ တိုင်းကျိုး ပြည်ကျိုးအတွက် ကိုယ်ကျိုးစွန့်ရန် ဝန်မလေးတတ်သော ကျောင်းသားသမဂ္ဂစိတ်ဓါတ်များကား ကျောင်းသား ကျောင်းသူ များ၌သာမက ဆရာဆရာမများ၏ ရင်ထဲ၌ပါ ရင့်သန်ကိန်းအောင်း လူးလွန့်လျက် ရှိသည်ကို ဆရာဆရာမ

များ၏ နားနေဆောင်တွင် ပြောနေကြသော အသံများ၊ ကျောင်းဖယ်ရီကားနှင့် ကျောင်းကန်တီးတွင် တိုးတိုးတဖုံ ကျယ်ကျယ်တမျိုး ပြောနေကြပုံများက သက်သေပြနေသည်။ ကျမတို့ခေတ် အသံများကို စစ်ဖိနပ်အောက်မှ ဆွဲထုတ်နေစဉ်မှာဘဲ ၁၉၅၄ မှ ၁၉၆၂ ကာလများ၏ သမဂ္ဂအလံတော်အောက် နောင်တော့်နောင်တော် ကျောင်းသားကြီးများ ရဲရဲတောက် လျှောက်ခဲ့ကြပုံကို ဆရာကျော်အောင်၏ စာအုပ်မှတဆင့် ခြေရာခံဖြစ်ခဲ့ပါသည်။

( ၂ )

နိုင်ငံရေးဆိုသည်မှာ ကျောင်းသားတွေနှင့် မဆိုင်ဟု ပြော၍မရ။ ခေတ်အဆက်ဆက် နိုင်ငံရေးဂယက်က ကျောင်းသားလောကကို ရိုက်ခတ်သည်ချည်းဖြစ်သည်။ ကိုအောင်ဆန်းတို့ခေတ်၊ ကိုဗဆွေလေး၊ ဆလိုင်းတင်မောင်ဦးမှသည် ကိုမင်းကိုနိုင်၊ ကိုကျော်ကိုကိုတို့ခေတ် ယနေ့အထိ တိုင်းပြည်နှင့် လူထုအတွက် တာဝန်ယူရကောင်းမှန်းသိကြသော ကျောင်းသားများကား နိုင်ငံရေးခံယူချက် ရှိကြမြဲဖြစ်သည်။

ထိုစာအုပ်တွင် *"အပြင်ဘက်နိုင်ငံရေးလောကတွင် ဖဆပလအဖွဲ့၌ သန့်ရှင်းတည်မြဲအကွဲ လက်ဝဲအင်အားစု ဖြစ်သည့် ပမညတတို့ မျက်နှာပန်းလှနေသည့်အချိန် ။ တက္ကသိုလ်လောကတွင်မူ တိုးတက်သောကျောင်းသားအဖွဲ့ ဩဇာတက်လာသည်မှာကြာပါပြီ ။ လေးနှစ်ရှိပါပြီ။ ကျောင်းသားညီညွတ်ရေးအသွင်ဖြင့် သမဂ္ဂလှုပ်ရှားမှုသည် အထွတ်အထိပ်သို့ရောက်နေချိန်။ သန့်ရှင်းတည်မြဲ အကွဲအပြဲသည် ကျနော်တို့ကျောင်းသားလောကသို့ လည်း ဂယက်ရိုက်ပါသည်။ လွှတ်တော်တွင် သန့်ရှင်းတည်မြဲတို့မဲခွဲသည့်နေ့က ကျနော်တို့ နောက်ဆက်တွဲ စာမေးပွဲဖြေရန် စာကျက်ချိန်ဖြစ်နေငြားလည်း ရေဒီယိုဘေးမှ မထနိုင်ကြပါ။ ကျောင်းသား အတော်များများ စာကျက်ပျက်ကြပါသည်။"* ( စာ- ၂၂ )

------နိုင်ငံရေးခေါင်းဆောင်များသည် ပြည်သူနှင့် ကင်းကွာ၍မရ သလို ကျောင်းသားခေါင်းဆောင်များလည်း ကျောင်းသားထုနှင့်ကင်းကွာကာ အောက်ခြေလွတ် ကျဆုံးတတ်ပုံကို---

*"တကသတွင် ကျောင်းသားတပ်ဦး အာဏာရလာသည်မှာ လေးနှစ်ရှိပါပြီ။ ထိုအခါ တကသ စင်မြင့်ကို မှီကာ ကြီးပွားရေးလမ်းစရှာသူများ၊ တကသ စင်မြင့်မှ သင်္ကြန်အမြောက်ကြီးဖောက်သလို နိုင်ငံရေး တရားဟောကာ လေထွားကြသူများ ၊ နက်ဖြန်ပင် နိုင်ငံရေးခေါင်းဆောင်ကြီးဖြစ်တော့မလို ဟိတ်ဟန် ထုတ်ချင်သူများ ပေါ်များလာပါသည်။"*(စာ-၉၁)

--- ထိုခေတ်ကလည်း ကျောင်းသားလောကတွင် အာဏာရှိသူများနှင့်ပေါင်းကာ ကျောင်းသားထုအကျိုးကို ပျက်ပြားစေသူများ ရှိပါသည်။ ထိုသို့သောသူများသည် တကယ်တမ်းတွင် ရှုံးနိမ့်ကြရပုံကို----

*"ကျနော်တို့ အဖွဲ့နှင့်ပြိုင်ဘက်တို့က မြထွန်းကို ဥက္ကဋ္ဌအဖြစ် တင်၍တိုက်ပါသည်။ မြထွန်းသည် ပြီးခဲ့သည့် တနှစ်လုံးလုံး ခပ်ကြွကြွနေခဲ့သူဖြစ်သည်။ သူသည် အမှုဆောင်ဟောင်းတွင် အတွင်း ရေးမှူး ။ သူ့ကြောင့် ဂိုဏ်းဂဏစိတ်ပြင်းထန်ကာ အဆောင်၏သာယာရေး ပျက်ပြားခဲ့ရ။ ဘောလုံးအသင်း လူစုကွဲခဲ့။ စာကြည့်တိုက် မစည်ပင်ခဲ့။ ဟင်း ထမင်းညံ့ခဲ့။ မြထွန်းသည် အာဏာရသူတို့နှင့် ပေါင်းကာ အဆောင်တွင်းသို့ ထောက်လှမ်းရေးပုလိပ် ဝင်သည်အထိ လက်ခံခဲ့သဖြင့် သူ့ကို ကျောင်းသားများက မကြည်ညိုတော့ပါ။*

*သူတို့အဖွဲ့တွင် အာဏာရသူတို့၏ အထောက်အပံ့မကင်းသူတို့ ရှိနေသည်ကိုလည်း တဆောင်လုံးက သိနေကြပါသည်။ သူတို့၏ ကျောထောက်နောက်ခံများသည် ထိုအချိန်က ပြည်သူ့မေတ္တာတုံးကြီးများ။ ထို့ကြောင့်ပင် ကျနော်တို့သည် သဟာယနှင့် စာဖတ်အသင်းတွင် အောင်ပွဲခံကြရခြင်း ဖြစ်ပါသည်။"* (စာ-၄၆)

---- ပထမဆုံးသော တက္ကသိုလ်ပညာ ရေးနှီးနှောဖလှယ်ပွဲနှင့် ပတ်သက်ပြီး လေ့လာမှတ်သားရသည်မှာ----

*"ဥက္ကဌ ဦးစိုးသိန်းဦးစီးကာ ပထမဆုံး တက္ကသိုလ်ပညာရေး နှီးနှောဖလှယ်ပွဲကို ဘွဲ့နှင်းသဘင်ခန်းမတွင် ဩဂုတ်လ ၉ ရက်နေ့နှိုက် ကျင်းပပါသည်။ ဖွင့်ပွဲတွင် ကိုစိုးသိန်းက -ဗမာပြည်ပညာ ရေးစနစ် အင်္ဂလိပ်လက်ထက်ကအတိုင်း ဖြစ်နေပြီး တိုင်းပြည် အခြေအနေနှင့်မကိုက်ညီဘဲ လူပျိုပေါက်အရွယ် ကို နို့စို့အရွယ် အဝတ်အစားဝတ်ပေးသည်နှင့်တူကြောင်း - မိန့်ခွန်းပြောပါသည်။ ကျနော်တို့ကား ပညာရေး နှီးနှောဖလှယ်ပွဲကြောင့် အလုပ်များနေပါသည်။ ပြီးလျှင် တပ်ဦးညီလာခံရှိသေးသည်။ ထို့နောက် တကသ ရွေးကောက်ပွဲ။ နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝါဒသစ်ကြေညာစာတမ်း၊ ပညာရေးလွတ်လပ်ခွင့် ကြေညာစာတမ်း၊ ကျောင်းသားသမဂ္ဂကော်မရှင် ကြေညာစာ တမ်း၊ လူမျိုးစုကြေညာစာတမ်းတို့ တင်သွင်းပါ သည်။ ကျောင်းအုပ် ချုပ်ရေးတွင် ကျောင်းသားကိုယ်စားလှယ် ပါဝင်ခွင့်ပြုရန်၊ နိုင်ငံရေး အသွေးအရောင်ကို မကြည့်ဘဲ ကြိုက်သည့် တော်သည့်ဆရာတို့ကို ခန့်ထားရန်၊ ကျောင်းတွင်းသို့ဝင်၍ပညာရေးနှင့်ဆန့်ကျင်ဘက်ဖြစ်သော စစ်သား စုဆောင်းရေးမပြုရန်၊ ကျောင်းသုံး စာအုပ်ပြဌါန်းသည့်အခါ လူထုအောင်သံ၊ ပြည်တော်သာပန်းတိုင်စသော စသော တဖက်သတ်စာအုပ်မျိုး မပြဌါန်းရန် စသည်တို့မှာ ပညာရေးလွတ်လပ်ခွင့်စာတမ်းတွင် ဦးတည်ဆွေးနွေးသည့် အချက်ကြီးများ ဖြစ်သည်။ အနယ်နယ်တွင် ကျောင်းသားသမဂ္ဂများကို ၁၉၅၆ အောက်တိုဘာလကတည်းက ဖျက်သိမ်းခြင်းခံရပါသည်။ဟယ်ရီတန်အရေးတော်ပုံက ဆက်လာသည့် ဂယက်ပင်ဖြစ်သည်။ တပြည်လုံးတွင် ကျောင်းသား ၂၅၆ ယောက် အဖမ်းခံရပါသည်။အထက်မင်းလှတွင် ကျောင်းသားမောင်သိန်းရွှေ အသတ်ခံရပါသည်။ ဤသည်တို့ကိုလည်း ကျောင်းသားသမဂ္ဂကော်မရှင်တွင် ဆွေးနွေးကြပါသည်။"* ( စာ-၉၅)

----- ထိုခေတ်ကျောင်းသားများ ၏ လှုပ်ရှားပုံတစိတ်တဒေသ၊ ကျောင်းသား များ၏ သတ္တိသွေးနှင့် သမဂ္ဂသမိုင်းဆိုင်ရာအချက် တချို့ကိုလည်း သိခွင့်ရခဲ့ပါသည်---

*"တက်လာတဲ့ အိမ်စောင့်အစိုးရက အဖမ်းအဆီး တယ်ကြမ်းတာဘဲ။ လက်ဝဲနွယ်ရင် ဆွဲတာဘဲ။ ခင်ဗျားလဲ သတိထားနော်။ ယူနီယံထဲ ဝင်လားထွက်လားနဲ့။--- မတတ်နိုင်ဘူးလေဗျာ။ ဆွဲသွားလဲခံရမှာဘဲ။ ကျနော်တို့တော့ ခုချိန်ကျမှ သတ္တိမနည်းချင်ဘူး။ နိုင်ငံရေးသမားတွေကြည့်ရတာ တယ်စိတ်ပျက်စရာကောင်းတာဘဲ။ အရှိန်လေး နဲ့မျှောလိုက်နေကြပြီး အရေးကြုံလို့ အဖမ်းအဆီးခံရတော့မယ်၊ အငြိုးအငြင်ခံရတော့မယ်ဆိုရင် ဒီအဖွဲ့ထဲက ကျနော်တို့ထွက်ပါတယ်ဗျဆိုပြီးတဖြုတ်ဖြုတ် ထွက်ကုန်တော့တာဘဲ။အဲဒါသိက္ခာကျတယ်။ ကိုယ်လုပ်တုန်းကလုပ်ပြီး ခံစရာရှိမှ ရှောင်ပြေးကြတယ်ဆိုတာ သိက်ခါမရှိတဲ့လူတွေရဲ့ အလုပ်ဘဲ။ ကျနော်တို့ လုပ်တယ်ဆိုတာ ကျောင်းသားအရေးပါဗျာ။ အဲဒါမှ ဖမ်းမယ်ဆိုလည်း ခံရမှာပေါ့။ ခံရဲပါတယ်။"*(စာ-၁၄၈ )

*“ကျောင်း၌ အဖမ်းအဆီးများလာသည်။ စုံထောက်များခြေရာထပ်နေသည်။ တကသကို စစ်တပ်နှင့်ရဲများကဝိုင်း၍အမှုဆောင်များကို ဖမ်းသည်။ တကသက အလံနက်ထူ၍ အဖမ်းအဆီးကို ကန့်ကွက်သည်။”* (စာ- ၁၉၇)

*“၁၉၅၈ တက်ကသိုလ်အက်ဥပဒေပြင်ဆင်ချက်အရ တကသ ကိုယ်စားလှယ် ကောင်စီလူကြီး နှစ်ဦးကို ကောင်စီမှ ပထုတ်လိုက်သည်။ တကသ ကိုယ်စားလှယ်နှစ်ဦးပါသော ကျောင်းဆောင် ကော်မတီကို ဖျက်သိမ်းလိုက်သည်။ ၁၉၅၄-၅၅ မှစ၍ ကောက်ခံပေးခဲ့သော သမဂ္ဂဝင်ကြေးများကို ကျောင်းသားတိုင်းထံမှ ကောက်မပေး။ သမဂ္ဂကို အဖက်ဖက်မှ ဖြိုဖျက်ရန် လုံးပမ်းနေကြသည်။ ကျောင်းဖွင့် ဖွင့်ချင်း ရင်ဆိုင်ကြရသည်မှာ ကျောင်းဆောင်နေရာချထားရေးမူသစ်ပင်။ အုပ်စုကွဲအောင်ရည်ရွယ်။ စည်းကမ်း တွေ တင်းကြပ်လာ။ လှည့်လည်ပွဲများ စီတန်းလမ်းလျှောက်ပွဲများ ခွင့်မပြုသောကြောင့် ဖြစ်သည့်နည်းဖြင့် ဆန္ဒပြကြ။ အခန်းမီးများ ပိတ်ခြင်း၊ သံပုံးတီး နို့ဆီခွက်ခေါက်ကာ ဆန္ဒပြသည်။ တဆောင်လုံး မီးပိတ်နေကြ သည်။ တကသ ရှေ့တွင် မီးတုတ်များ ထိန်ထိန်ညီးလင်းနေသည်။ လူစုမိသည့်အခါ အဓိပတိလမ်းတလျှောက် ကြွေးကြော်သံများ ဟစ်ကာ ချီတက်ကြသည်။ ဘွဲ့နှင်းသဘင်ရောက်လျှင် တပတ်ပတ်ကာ ပြန်လှည့်လာကြသည်။ ကြွေးကြော်သံများကား တက္ကသိုလ်တခုလုံး လျှံနေသည်။ ကျောင်းဆောင်နေရာချထားရေးမူသစ် ဖျက်သိမ်းပစ်။ ကျောင်းဆောင်ကော်မတီတွင် တကသကိုယ်စားလှယ် ပါဝင်ခွင့်ပေး။ ဖိနှိပ်ချုပ်ချယ်ရေး ဥပဒေများ ဖျက်သိမ်းပစ်။”*(စာ-၂၁၉)

*“အဖမ်းအဆီးများက ကျောင်းသားများကို ပို၍ကျောချင်းကပ် ရင်ချင်းအပ်အောင် လုပ်ပေးလိုက်သလို ဖြစ်သည်။ ထိုနှစ် တကသ ရွေးကောက်ပွဲအတွက် အခက်အခဲများလာသည်။ အကြောင်းမှာ ဥက္ကဋ္ဌဟောင်း ကိုခင်မောင်အုန်း အဖမ်းခံရပြီး ဒု-ဥက္ကဋ္ဌ ကိုဘကောင်း ရှောင်တိမ်း နေရသောကြောင့် ဖြစ်သည်။ စက်တင်ဘာလတွင်လုပ်သည့်ရွေးကောက်ပွဲ၌ ဥက္ကဋ္ဌ ကိုလှတင်၊ ဒု-ဥက္ကဋ္ဌ ကိုစိန်ဝင်းနှင့် ငွေထိန်း ကိုဗဆွေလေးတို့ အရွေးခံရသည်။”*(စာ-၂၄၂ )

*“နိုင်ငံရေးအခြေအနေသစ်ကို အကဲခတ်နေကြသော နိုင်ငံရေးသမားတို့ကား ဘာမျှ မလှုပ်ရှား။ စောင့်ကြည့်ရုံသာ စောင့်ကြည့်နေသည်။ ဤသို့ဖြင့် တော်လှန်ရေးအစိုးရတက်လာအပြီး အခြေအနေအရ မည်သူမျှ မလှုပ်ရှားကြ။ တကသ ၊ ဗကသ တို့ကသာ လှုပ်ရှားနေကြသည်။ ဖိနှိပ်မှုများ ကန့်ကွက်သည်။” (စာ-၃၁၁)*

*“ကျမတို့ သမဂ္ဂမျိုးဆက် အဆက်ဆက် သည် မတရားမှု၊ ဖိနှိပ်မှုများကို ဆန့်ကျင်ကန့်ကွက်ရန် တွန့်ဆုတ်မနေတတ်။ သမိုင်းတွင် တာဝန်ကျေခဲ့သည်။ ထိုအစဉ်အလာကောင်းကို ကျမတို့သမဂ္ဂခေတ်မှာ ဆက်လက်ထိန်းသိမ်းဘို့လိုသည်။ ၎င်းတို့အပြင် နအဖ၏ မတရားရွေးကောက်ပွဲဆိုင်ရာ ဥပဒေများတွင် နိုင်ငံရေးအကျဉ်းသားများအား ရွေးကောက်ပွဲဝင်ခွင့် မပေးရုံမျှ မက ပါတီဝင်ဖြစ်ခွင့်ကိုပင် ပိတ်ပင်ထားသည်မှာ မည်မျှတရားလွန်သည်ကို အောက်ပါအချက်က သက်သေပြနေပါသည်။-- -ဗိုလ်နေဝင်းအိမ်စောင့်အစိုးရက လုပ်ပေးမည့် ရွေးကောက်ပွဲအတွက် မင်းလှတွင် ယှဉ်ပြိုင် အရွေးခံမည့် ပမညတအမတ်ဟောင်း ကိုသိန်းမောင်သည် အိမ်စောင့်အစိုးရလက်ထက်တွင် အဖမ်းခံနေရသည်။ ထောင်ထဲမှနေ၍ ကျနော့်ကို သူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်တင်လိုက်သည်။”* (စာ-၂၆၆)

(၃)

ဝတ္ထုထဲက သမဂ္ဂဝင် ကျောင်းသားရဲဘော်သည် အိုးပစ်အိမ်ပစ်၊ ကျောင်းစာကိုပင် နောက်ပစ်ကာ ကျောင်းသား အခွင့်အရေးနှင့် သမဂ္ဂလှုပ်ရှားမှုများတွင် စိတ်ရောကိုယ်ပါ နှစ်ပြီးလုပ်ခဲ့သည်။ စာမေးပွဲကျ၊ အိမ်ထောင်ကွဲသွားသည်အထိ ဘဝကကြမ်းခဲ့သည်။ ထိုသို့ဆိုလျှင် သမဂ္ဂအလံတော်အောက်က ကျောင်းသားတယောက်အဖို့ အနာဂတ်မရှိတော့ပြီလား။ သူ့ဘဝသည် အဖတ်ဆယ်လို့မရလောက်အောင်ကိုပင် အချည်းနှီးဖြစ်လေပြီလား။ ဝတ္ထုထဲက ကျောင်းသားရဲဘော်ကတော့---

*"ကျနော့ဘဝက ကျနော့အသိကို ဖန်တီးပေးသည်ဟု ကျနော်ယုံပါသည်။ ထိုအသိသည် ကျနော့အတိတ် အခြေတည်ပါသည်။ ထိုအတိတ်ကား တိုက်ပွဲပြင်းထန်သော ကြမ်းတမ်း သောအတိတ်။ သည်အတိတ်ကြောင့် ကျနော်သည် ကြံ့ကြံ့ခံနိုင်သည့်အဖြစ် ရောက်လာရသည်။ ငယ်တုန်း အချိန်တက်ကြွကြသည်။ ကြီးလာသည့်အခါ အနှောင်အဖွဲ့တို့ကြောင့် သတ္တိမရှိတော့။ သို့သော်လည်း အပေါင်းအသင်းစိတ်၊ ရဲဘော်စိတ်၊ အစည်းအရုံးစိတ်၊ သမဂ္ဂစိတ်တို့ကို ကျနော်ရခဲ့သည်။ သည်ဘဝကြမ်းကို လျှောက်ခဲ့ရသည့်အတွက် ကျနော်နောင်တမရပါ။ ရစရာ လိုမည်လည်း မထင်ပါ။ သည်ခရီးကြမ်းက ကျနော့ကို လောကဓံတရားသင်ခန်းစာ လက်တွေ့ပေးလိုက်သည် မဟုတ်လား။ သည်ဘဝကြမ်းက ကျနော့ကို ကြံ့ကြံ့ခံနိုင်ရန် မွေးပေးလိုက်သည်မဟုတ်လား။ သည်အတိတ်သည် ကျနော့် အနာဂတ်အတွက် အထောက်အကူတခုဖြစ်သည် မဟုတ်လား။"* ----- ဟု အဆုံးသတ်တွင် ဆိုထားသည်။

ဟုတ်ပါသည်။ ကျောင်းသားသမဂ္ဂဆိုသည်မှာ ကျောင်းသားအခွင့်အရေး သက်သက်သာမက မတရားမှုနှင့် ဖိနှိပ်မှုကို ဆန့်ကျင်။ လွတ်လပ်မှုကိုမြတ်နိုး။ အမှန်တရားဘက်ကရပ်တည်ပြီး တိုင်းပြည်နှင့်လူထုအကျိုးကို ကိုယ်ကျိုးစွန့် ဆောင်ရွက်ရသည်ဖြစ်သောကြောင့် သမဂ္ဂအလံတော်အောက်မှ လျှောက်ရသောလမ်းများသည် အကွေ့အကောက်ခလုတ်ကန်သင်း မရှင်းနိုင်ပါ။ ထိုသို့အကွေ့အကောက်များသောလမ်းကိုပင် မကွေ့ မကောက် ဖြောင့်ဖြောင့်မတ်မတ် လျှောက်လှမ်းခဲ့ကြသူများကား ကျောင်းသားသမဂ္ဂသမိုင်းတွင် ဒုနှင့်ဒေး ရှိသည်။ သူတို့ မည်သည့်အစွမ်းဖြင့် လျှောက်ခဲ့သနည်း။ ခွပ်ဒေါင်းသွေး

ခွပ်ဒေါင်းသစ္စာ၊ ခွပ်ဒေါင်းတို့၏ ဉာဏ်ပညာဖြင့် သမဂ္ဂအလံတော်ကို မြဲမြဲမြံမြံ ဆုပ်ကိုင်လွှင့်တင်ထားနိုင်သည်နှင့်အမျှ အစွမ်းသတ္တိတို့ကား---- ။ ။

နေခြည်ခင် (နည်းပညာတက္ကသိုလ်)

*ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ထုတ်ဝေသည့်*
*အိုးဝေဂျာနယ်သို့ စာမူများ၊ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်*
**abfsu.07@gmail.com** *သို့ ပေးပို့နိုင်ပါသည်။*

# အိုးဝေ ဆိုသည်မှာ ---

၁၉၃၆ ခုနှစ် ဇန်နဝါရီလတွင် သမိုင်း မှတ်တမ်း တင်ရမည့် မဂ္ဂဇင်းတစ်စောင် ပေါ်ထွက်လာခဲ့သည်။ ယင်း မဂ္ဂဇင်းမှာ အိုးဝေ မဂ္ဂဇင်းပင် ဖြစ်ပါသည်။ အိုးဝေ မဂ္ဂဇင်းကို ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂမှာ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ၁၉၃၆ခု ဇန်နဝါရီလတွင် မဂ္ဂဇင်းအတွဲ ၅၊ အမှတ် ၁ ကို ထုတ်ဝေပါသည်။ ဤ မဂ္ဂဇင်းကို ထုံးစံအတိုင်း မြန်မာပိုင်း နှင့် အင်္ဂလိပ်ပိုင်း ဟူ၍ နှစ်ပိုင်းခွဲခြား ထုတ်ဝေခဲ့၏။ မဂ္ဂဇင်း၏ တာဝန်ခံ အယ်ဒီတာမှာ တက္ကသိုလ်ကျောင်းသား ကိုအောင်ဆန်းဖြစ်သည်။

ယခင်က ရန်ကုန်တက္ကသိုလ်ကျောင်းသားများ သမဂ္ဂအသင်းမဂ္ဂဇင်း ဟူ၍ ရှည်လျားစွာ အမည်တပ်ခဲ့ရသည်။ မဂ္ဂဇင်းကို တာဝန်ခံအယ်ဒီတာ ကိုအောင်ဆန်းက အမည်ပြောင်းလိုသည်။ သို့ဖြင့် ဝိုင်းဝန်းစဉ်းစားကြရာ ရောင်နီ၊ ရောင်ဖြူ ရောင်ခြည်သစ် စသည်ဖြင့် အကြံပြုခဲ့ကြသည်။ ကိုသိန်းတင်(ညီမြ)က သူ မန္တလေးကယ်လီကျောင်းတွင် နေစဉ်က အငြိမ့်မင်းသမီးဒေါင်းယဉ်ပျံသီဆိုသည့် အိုးဝေသီချင်းကို စွဲနေသဖြင့် အိုးဝေဟုအမည်ပေးရန် အကြံပြုခဲ့ရာ ကိုအောင်ဆန်းက သဘောတူသောကြောင့် အတည်ဖြစ်သွားသည်။




(၂၈. ၄. ၂၀၁၀ ထုတ် Weekly Eleven ဂျာနယ်မှ ဆရာတင်နိုင်တိုး၏ "ကိုလိုနီခေတ်သမိုင်းဝင် မဂ္ဂဇင်းတစောင်" ဆောင်းပါးမှ ကောက်နှုတ်ဖော်ပြပါသည်။)

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။




**၂၀၀၈ ခုနှစ် ဇူလိုင်(၇)ရက်မှစတင်၍ ၂ နှစ်အတွင်း**
**ထုတ်ဝေခဲ့ပြီးသော "အိုးဝေဂျာနယ်"များ**

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်မှ ထုတ်ဝေသည်။